# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၆၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်တပ်နယ် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းဖွင့်ပွဲနှင့် တပ်မတော်(ရေ) စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၈

တပ်မတော်(ရေ)မှ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်း ဖွင့်ပွဲအခမ်းအနား၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရောခင်းမင်္ဂလာအခမ်းအနားနှင့် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားများအား ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်း တည်ဆောက်ရေးအလုပ်ရုံနှင့် ရေတပ်ဆိပ်ခံတံတားတို့၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


**စက်သုံးဆီအရေး စုံ နှင့် မ အတိအကျလိုက်နာခြင်းဖြင့် နိုင်ငံကြီးသားပီသကြောင်း သက်သေပြပါ** — ဆောင်းပါး စာ ၈

**စက်မှုဒီဇိုင်းများ ဆန်းသစ်တီထွင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု** — ဆောင်းပါး စာ ၁၂

**ဒေါက်တာဒီဘိုနို၊ ဘောင်ခြောက်ခုတွေးခေါ်နည်းနှင့် သတင်းတု သတင်းမှား တိုက်ဖျက်ခြင်း** — ဆောင်းပါး စာ ၁၆


## အမြင့်ဆုံး နေ့အပူချိန်များ

(၈ - ၃ - ၂၀၂၆)

| | | |
|---|---|---|
| မင်းဘူးမြို့ | ၄၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၃၉ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| သိမ်ဖြူရပ်မြို့ | ၃၉ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်းမြို့ | ၃၉ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |

# စံချိန်မီသည့် ကျောင်းများဖြစ်ရေးနှင့် အရည်အချင်းရှိသည့် ဆရာဆရာမများ ဖြစ်ရေး

ပညာရေးသည် လူတစ်ဦးချင်းစီအတွက်ရော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးပါသည့်အလျောက် နိုင်ငံတော်အစိုးရက ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် ဆောင်ရွက်နေသည်။ လက်ရှိ မိမိတို့နိုင်ငံ၏ ပညာရေးအခြေအနေမှာ ဝါယမစိုက်၍ မြှင့်တင်ရန် လိုအပ်လျက်ရှိရာ နိုင်ငံသူ နိုင်ငံသားတို့၏ ပညာရေးအပေါ် အမြင်များကိုလည်း မှန်ကန်စွာ ရှုမြင်လာကြစေရေးအတွက် တည့်မတ်ပေးရန် လိုအပ်သည်။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ အခန်း (၅) လူမှုစီးပွားဆိုင်ရာ အညွှန်းကိန်းများတွင် မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို ကိန်းဂဏန်းစာရင်းဇယား အချက်အလက်များနှင့်တကွ ဖော်ပြထားရာ အဆိုပါအချက်အလက်များအရ မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူ လူဦးရေ စုစုပေါင်း၏ ထက်ဝက်နီးပါးခန့်ဖြစ်သော ၄၆ ရာခိုင်နှုန်းသည် KG သို့မဟုတ် မူလတန်းအဆင့်ကိုသာ ပြီးမြောက်ခဲ့ကြသည်။ ဤအဆင့်တွင် အမျိုးသားများ ၄၃ ဒသမ ၆ ရာခိုင်နှုန်း၊ အမျိုးသမီးများ ၄၈ ဒသမ ဝ ရာခိုင်နှုန်းရှိသည်။ ဒုတိယအများဆုံး အုပ်စုမှာ အလယ်တန်းအဆင့် ပညာရေး ပြီးမြောက်သူများဖြစ်ပြီး လူဦးရေ၏ ၂၃ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ ဤအုပ်စုတွင် အမျိုးသမီးများ ၂၁ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အမျိုးသား ၂၆ ဒသမ ဝ ရာခိုင်နှုန်းရှိရာ ကွာခြားချက် ၄ ဒသမ ၁ ဖြင့် အမျိုးသားများက ပို၍များပြားသည်။ အထက်တန်းအဆင့်ပြီးမြောက်သူသည် လူဦးရေ၏ ၁၄ ဒသမ ဝ ရာခိုင်နှုန်းရှိသည်။ ဤအဆင့်တွင်လည်း အမျိုးသားများက ၁၅ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အမျိုးသမီးများ ၁၂ ဒသမ ၆ ရာခိုင်နှုန်းထက် အမျိုးသားက ပိုမိုများပြားသည်။ နည်းပညာနှင့် သက်မွေးပညာသင်တန်း (TVET) အောင်မြင်သူများ၊ သို့မဟုတ် မဟာဘွဲ့၊ ပါရဂူဘွဲ့ ရရှိသူများသည် ဝ ဒသမ ၁ ရာခိုင်နှုန်းမှ ဝ ဒသမ ၂ ရာခိုင်နှုန်းသာရှိခြင်းကြောင့် ကျား/မ ကွာခြားချက် မရှိသလောက်ဖြစ်သည်။ ဖော်ပြပါ ကိန်းဂဏန်းအချက်အလက်များအရ မူလတန်းပညာရေးတွင် အမျိုးသမီးများ ပါဝင်မှုမြင့်မားသည်ကို ပြသနေသော်လည်း အလယ်အလတ်အဆင့် ပညာရေးတွင် အမျိုးသားများက ပိုမိုလွှမ်းမိုးနေသည်။ ဘွဲ့ရအဆင့်တွင် အမျိုးသမီးများက ပြန်လည်ဦးဆောင်လာသည်။

အသက် ၂၅ နှစ်အထက် လူဦးရေ၏ အမြင့်ဆုံးအောင်မြင်ခဲ့သည့် အတန်းပညာ/အဆင့်တွင် တက္ကသိုလ်/ကောလိပ်/ဘွဲ့ကြိုဒီပလိုမာရသူ ကျား ၁၆၄၂၇၆ ဦး၊ မ ၁၃၁ဝဝ၁ ဦးရှိပြီး စုစုပေါင်း ၂၉၅၂၇၇ ဦး ရှိသည်။ ဘွဲ့ရ/ဘွဲ့လွန်ဒီပလိုမာရသူ ကျား ၇၈၉၄၃၈ ဦး၊ မ ၁၃ဝ၃၈၄၇ ဦး ရှိပြီး စုစုပေါင်း ၂ဝ၉၃၂၈၅ ဦး ရှိသည်။ မဟာဘွဲ့/ ပါရဂူဘွဲ့ရသူ စုစုပေါင်း ၄၃၆၅၄ ဦးရှိရာ ကျား ၁၈၅၆၆ ဦး ရှိပြီး မ ၂၅ဝ၈၈ ဦး ရှိသည်။ ကျောင်းသား ကျောင်းသူအများစု ကျောင်းထွက်ရခြင်းသည် မိသားစုကို ကူညီရန်၊ အိမ်အလုပ်လုပ်ကိုင်ရန်၊ မိဘဆွေမျိုးများကို ပြုစုစောင့်ရှောက်ရန်တို့က အဓိကအကြောင်းရင်းဖြစ်ပြီး ၂၇ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်းနှင့် ဒုတိယအကြောင်းရင်းမှာ ပညာရေးအတွက် တိုက်ရိုက်/သွယ်ဝိုက်စရိတ်များကို မတတ်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ ကျောင်းဆက်မတက်သူများ၏ ၁၇ ဒသမ ၃ ရာခိုင်နှုန်းမှာ ၎င်းတို့မိသားစုများကိုယ်တိုင်ကပင် အလယ်တန်း/ အထက်တန်းအဆင့်ထိသာ မျှော်မှန်းတက်ရောက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားလျက်ရှိသည့် ဆရာ၊ ဆရာမများ၏ ပညာအရည်အချင်းများ ပိုမိုတိုးတက်မြင့်မားရေး၊ အခြေခံပညာကျောင်းများ၏ ကျောင်းအင်္ဂါရပ်များပြည့်စုံရေးနှင့် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြစ်အောင် မြှင့်တင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ "အခြေခံပညာကျောင်းများတွင် တက်ရောက်ကြသည့် ကျောင်းသားကျောင်းသူများ၏ မိဘပြည်သူများအနေဖြင့် ၎င်းတို့၏ သားသမီးများအား ပုဂ္ဂလိကကျောင်းတွင် ထားနိုင်သည့်သူများမဟုတ်ဘဲ နိုင်ငံတော်မှဖွင့်လှစ်သည့် အခြေခံပညာကျောင်းများကို အဓိကအားကိုးရခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းမိသားစုများနှင့် သာမန်ဝင်ငွေရှိသူများ အများစုသည် အစိုးရကျောင်းများတွင် ၎င်းတို့၏ သားသမီးများကို ပညာသင်ကြားစေကြကြောင်း၊ ထို့ကြောင့် အစိုးရကျောင်းများကို မဖြစ်မနေ အဆင့်မြှင့်တင်ပေးသွားရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ စံချိန်မီသည့် ကျောင်းများဖြစ်စေရေးနှင့် အရည်အချင်းရှိသည့် ဆရာ၊ ဆရာမများဖြစ်စေရေး အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" ယခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင်ကျင်းပသည့် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရေး ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်တွင် ပညာရေးကဏ္ဍ မြင့်မားမှသာ လူတစ်ဦးချင်း၏ ဘဝများမြင့်မားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည့်အလျောက် နိုင်ငံတော်၏ ပညာရည်မြှင့်တင်ရေး အဘက်ဘက်မှ ဆောင်ရွက်မှုများတွင် နိုင်ငံသားတို့ကလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တစ်တပ်တစ်အား ပါဝင်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။




### ၈ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉ဝဝဝဝဝ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉ - ၃ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၅ | ၂၆၄၀ | ၂၆၀၅ | ၂၅၄၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၀၀ | ၂၆၀၀ | ၄၅၀၅ | ၂၈၉၀ | ၂၆၁၅ | ၂၈၇၅ | ၂၆၈၅ | ၂၆၅၀ | ၂၆၇၅ | ၂၉၃၀ |
| 95 Ron | ၂၅၈၅ | ၂၇၀၀ | ၂၆၇၅ | ၂၆၀၀ | ၂၇၁၅ | ၂၇၃၀ | ၂၇၅၀ | ၂၆၇၀ | ၄၅၆၀ | ၂၉၆၀ | ၂၆၈၅ | ၂၈၅၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၆၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၀၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၀၀ | - | ၂၈၇၅ | ၂၆၉၅ | ၃၃၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၅၅ | ၃၀၀၀ |
| HSD (50 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၈၇၅ | ၄၈၃၀ | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |
| HSD (10 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၈၇၅ | - | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၇၀ | ၂၄၅၁ |
| 95 Ron | ၂၄၃၈ | ၂၅၂၀ |
| HSD (500 ppm) | ၂၄၄၉ | ၂၅၂၈ |
| HSD (50 ppm) | ၂၇၃၅ | ၂၈၁၉ |
| HSD (10 ppm) | ၂၇၃၅ | ၂၈၁၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇၇

ဝ၆၇- ၄၁၁၂၈၂၊ ဝ၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
ဒုတိယစာတည်းမှူးချုပ် - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ဝ၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၀၄၅၊ ဖက်စ် ဝ၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄ဝ၊ စာတည်းအဖွဲ့ ဝ၁-၅၄၄၃ဝ၉၊ မန်နေဂျာ ဝ၁-၅၄၄၃၁၄၊ စီမံ ဝ၁-၅၄၄၃၁၅၊ ငွေစာရင်း ဝ၁-၅၄၄၃၁၆၊ ကြော်ငြာ ဝ၁-၅၄၅၈၃၄၊ ဝ၁- ၅၅၉၁၁၈၊ Fax ဝ၁-၅၄၆၂၂၁၊ ဝ၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ဝ၁-၅၄၄၃၁၇၊ Fax ဝ၁-၈၆ဝ၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (ဝ၁ဝ၉၃)
ပုံနှိပ်ခြင်းအမှတ် - (ဝဝ၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အမျိုးသားအကျိုးစီးပွားအတွက် စွမ်းရည်ထက်မြက်၍ အင်အားတောင့်တင်းသော ရေတပ်ထူထောင်ထားရှိရန် လိုအပ်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်တပ်နယ် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်း ဖွင့်ပွဲအခမ်းအနားနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ရွှေဖုံးမှ*

အဆိုပါအခမ်းအနားများသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

**ရေတပ်သင်္ဘောကျင်းဌာနချုပ်**
**တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းဖွင့်ပွဲအခမ်းအနား**

ဦးစွာ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တာဝန်ရှိသူများက ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တန် ၄၀၀၀၀ ရေလုံလွှန်းကျင်း ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်း ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလုံလွှန်းကျင်းအုပ်ချုပ်မှုအဆောက်အအုံ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြပြီး Shipyard Management Software ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

> “တပ်မတော်(ရေ)အနေဖြင့် အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာ ဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့”

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို တည်ဆောက်ရေးအလုပ်ရုံ၌ ဆက်လက်ကျင်းပပြုလုပ်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်(ရေ)အတွက်သာမက မြန်မာနိုင်ငံတွင်ပါ စွမ်းဆောင်ရည်အရလည်းကောင်း၊ အရွယ်အစားအရလည်းကောင်း အကြီးမားဆုံးဖြစ်လာမည့် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းကြီးကို အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ယခုဖွင့်လှစ်သည့် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းတွင် ပထမဆုံးစတင်တည်ဆောက်မည့် စစ်ရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနား အပါအဝင် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်(သာလွန်မင်း)နှင့် မြစ်တွင်းသွား ဘက်စုံသုံးစစ်ရေယာဉ်များကိုလည်း တပ်တော်ဝင်နိုင်မည်ဖြစ်ခြင်းကြောင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ဂုဏ်ယူစရာကောင်းပြီး အားသစ်လောင်းသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာမကဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာ တည်ရှိနေသကဲ့သို့ မြန်မာ့ပင်လယ်ပြင်သည်လည်း ကမ္ဘာ့ကုန်သွယ်ရေကြောင်း ရေယာဉ်ကြီးများ ဖြတ်သန်းသွားလာနေသည့် အဓိကရေလမ်းကြောင်းများအနက် တစ်ခုအပါအဝင်ဖြစ်ခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေယာဉ်ကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းကောင်းများနှင့် ရေနက်ဆိပ်ကမ်းများ ရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားအတွက် အလွန်အရေးပါလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ရေကြောင်းအကျိုးစီးပွားများဖြစ်သည့် ပင်လယ်ပြင်မှ စွမ်းအင်အကျိုးစီးပွားများ၊ ငါးသယံဇာတများ၊ ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်းကြီးများ၊ ရေကြောင်းကုန်သွယ်မှုများနှင့် ရေနက်ဆိပ်ကမ်းကြီးများအား အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာ အသုံးချနိုင်စေရန် စွမ်းရည်ထက်မြက်၍ အင်အားတောင့်တင်းသော ရေတပ်ထူထောင်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ်တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များ ကိုယ်တိုင်တည်ဆောက်/ပြုပြင်နိုင်ရန်အပြင် နိုင်ငံတော်၏ အကျိုးစီးပွားကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် အရပ်ဘက်ကုန်တင်ရေယာဉ်ကြီးများ

*စာမျက်နှာ ၄ သို့*



သန်လျင်တပ်နယ် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းအား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်တပ်နယ် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်း ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

တည်ဆောက်/ပြုပြင်နိုင်သည်အထိ ရည်သန်၍ ရေလုံလွှန်းကျင်းကြီး တည်ဆောက်နိုင်ရေးကို စဉ်းစားသုံးသပ်ပြီး ၂၀၁၈ ခုနှစ်မှစပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးကဏ္ဍကို ကြည့်မည်ဆိုပါက အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာ ဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ကြောင်း။

ယနေ့ ရေခင်းမင်္ဂလာအခမ်းအနား ပြုလုပ်မည့် စစ်ရေယာဉ်များသည် ယခုတန် ၄၀၀၀၀ ရေလုံလွှန်းကျင်းတွင် စတင်တည်ဆောက်မည့် စစ်ရေယာဉ်များဖြစ်ပြီး အဆိုပါရေယာဉ်များ တည်ဆောက်နိုင်ခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်း ကာကွယ်ရေးစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၆၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် တည်ဆောက်ရေးအတွေ့အကြုံကောင်းများရှိပြီးဖြစ်သော်လည်း ယနေ့ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် ရေယာဉ်တည်ဆောက်ရေးနည်းစနစ်များကိုလည်း မျက်ခြည်မပြတ် လေ့လာသင်ယူပြီး အသုံးချနိုင်ရေး တစိုက်မတ်မတ် ကြိုးစားအားထုတ်သွားရမည်ဖြစ်ကြောင်း။

ရေလုံလွှန်းကျင်းကြီးသည်နိုင်ငံတကာအဆင့်မီ သင်္ဘောကျင်းကြီးဖြစ်သည့်အတွက် ရေလုံလွှန်းကျင်းနှင့် ရေလုံလွှန်းကျင်းတွင်ပါသည့် စက်ပစ္စည်းကိရိယာများကို သက်တမ်းပြည့် စွမ်းအားပြည့် စနစ်တကျအသုံးပြုနိုင်ရေး ဆောင်ရွက်သွားကြရန်၊ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေပြန်လည်ရရှိနိုင်ရေးအတွက် ပြည်တွင်း ပြည်ပ ကုန်သွယ်ရေကြောင်း ရေယာဉ်ကြီးများ တည်ဆောက်ပြုပြင်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ရေယာဉ်ဗိသုကာနှင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်၊ မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရင်း တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေလုံလွှန်းကျင်း တည်ဆောက်ခဲ့မှုမှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ရေလုံလွှန်းကျင်းတည်ဆောက်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဥက္ကဋ္ဌက ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ဌာနချုပ်မှူးထံ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရေလုံလွှန်းကျင်း ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။ ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုသစ်သီးခြင်းအား ပေးအပ်ရာ ရေလုံလွှန်းကျင်း တည်ဆောက်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဥက္ကဋ္ဌက လက်ခံရယူသည်။

**ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနား**

ယင်းနောက်ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ရာ စစ်ရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရောနှင့် Frame တို့အား စက်ခလုတ်နှိပ် ဂဟေတွဲဆက်၍ ရေယာဉ်တည်ဆောက်မှုလုပ်ငန်းအား စတင်ပေးခဲ့ပြီး ရေခင်းမင်္ဂလာကြေးပြားများနှင့် ကိုယ်ထည်အစိတ်အပိုင်းများအား မင်္ဂလာအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေယာဉ်တည်ဆောက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ တည်ဆောက်ခဲ့မှုဓာတ်ပုံပြခန်းနှင့် ရေလုံလွှန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ်၏ သင်္ဘောကျင်းစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် စတင်တည်ဆောက်ခဲ့ပြီး ပထမအဆင့်စီမံကိန်းအား ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိလည်းကောင်း၊ ဒုတိယအဆင့်စီမံကိန်းအား ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လည်းကောင်း အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး စစ်ရေယာဉ်များ၊ ဌာနဆိုင်ရာ ပုဂ္ဂလိကရေယာဉ်များအား တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ တတိယအဆင့်စီမံကိန်းအား ၂၀၁၉ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် တတိယအဆင့်စီမံကိန်း တည်ဆောက်မှုအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ရေလုံလွှန်းကျင်းတွင် အရွယ်အစားကြီးမားသော စစ်ရေယာဉ်ကြီးများ၊ ကုန်သွယ်ရေယာဉ်များ တည်ဆောက်ခြင်း (သို့မဟုတ်) လွှန်းတင်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ့ရေကြောင်းအကျိုးစီးပွားနှင့် နိုင်ငံ့ရေကြောင်းစွမ်းအားတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**စစ်ရေယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနား**

ဆက်လက်၍ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေယာဉ်တည်ဆောက်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် တည်ဆောက်ခဲ့မှုဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းက စစ်ရေယာဉ်များ တပ်တော်ဝင်အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ဌာနချုပ်မှူးက ရေယာဉ်စုမှူးထံသို့ တပ်တော်ဝင်စစ်ရေယာဉ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်သည်။ ဆက်လက်ပြီး စစ်ရေယာဉ်များ တပ်တော်ဝင်ဆောင်ရွက်နိုင်ရန်အတွက် တပ်တော်ဝင်တံခွန်အလံများအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ်(ရေ)ထံ လွှဲပြောင်းပေးအပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က လက်ခံရယူပြီး သက်ဆိုင်ရာ စစ်ရေယာဉ်မှူးများထံ ဆက်လက်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ်ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

**“တပ်မတော်(ရေ) စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)သည် တပ်မတော်(ရေ) ရေယာဉ်တည်ဆောက်မှုသမိုင်း၌ အရွယ်အစားအားဖြင့် အကြီးမားဆုံး ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့သည့် စစ်ရေယာဉ်ဖြစ်”**

စစ်ရေယာဉ်များဖြစ်သော ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ် (ရန်ကြီးအောင်)တို့မှ အမြောက် ၂၁ ချက်ပစ်ဖောက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက် ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ် လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်တော်ဝင်စစ်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူခဲ့ကြသည်။

ယနေ့ တပ်မတော်(ရေ) စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)သည် တပ်မတော်(ရေ) ရေယာဉ်တည်ဆောက်မှုသမိုင်း၌ အရွယ်အစားအားဖြင့် အကြီးမားဆုံး ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့သည့် စစ်ရေယာဉ်ဖြစ်ကြောင်း၊ အချိန်ကာလတစ်လကျော်၊ စုစုပေါင်းခုတ်မောင်းချိန် ၂၇၀ နာရီကျော်၊ ခရီးအကွာအဝေးရေမိုင် ၃၅၀၀ ခန့် ခရီးရှည်စမ်းသပ်မောင်းနှင်ခဲ့ပြီး စမ်းသပ်မောင်းနှင်သည့် ခရီးစဉ်အတွင်း စံချိန်စံညွှန်းပြည့်မီမှုဆိုင်ရာ စမ်းသပ်မောင်းနှင်ခြင်းများ၊ ရေယာဉ်၌ တပ်ဆင်ထားသည့် ကိရိယာများအလိုက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အသုံးပြုနိုင်မှုအား စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် တပ်တော်ဝင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ စစ်ရေယာဉ်များအား ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာ ဖြစ်စေနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက် ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ် လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်စဉ်။




တပ်တော်ဝင် စစ်ရေယာဉ်ဖြစ်သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)အား တွေ့ရစဉ်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဂျိုင်း(ဇာသပြင်)တံတားနှင့် အတ္ထရံတံတားဖွင့်ပွဲများသို့ တက်ရောက်ဖွင့်လှစ်

## ခေတ်မီသံမဏိကြိုးဆိုင်းတံတားကြီးများ တည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသတွင်းလူမှုစီးပွားဘဝများနှင့် ပြည်တွင်း /ပြည်ပ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်

**နေပြည်တော် မတ် ၈**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ - ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်သော ကရင်ပြည်နယ် ဘားအံမြို့ ဂျိုင်း(ဇာသပြင်)တံတားအသစ်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ အတ္ထရံတံတားအသစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဂျိုင်း(ဇာသပြင်)တံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က မင်္ဂလာအချိန်တွင် ဂျိုင်း(ဇာသပြင်) တံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဂျိုင်း(ဇာသပြင်) တံတားအသစ်ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့ကြသည့် အင်ဂျင်နီယာအဖွဲ့များအား အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ဂျိုင်း (ဇာသပြင်) တံတားအသစ် ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များ ဂျိုင်း(ဇာသပြင်) တံတားပေါ်၌ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အတ္ထရံတံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ ဆက်လက်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ် ဖြိုးသန့်နှင့် ဦးမျိုးမြင့်တို့က အတ္ထရံတံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အတ္ထရံတံတားအသစ်ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ အတ္ထရံတံတားအသစ် ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ဂျိုင်း(ဇာသပြင်)တံတားအသစ်သည် သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏ အရှည်မှာ ၂၆၁၅ ပေ၊ ယာဉ်သွားလမ်းအကျယ်လေးလမ်းသွား၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၇၅၀ နှင့် အမြင့်ပေ ၄၀ ရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်း၊ အတ္ထရံတံတားသစ်သည်လည်း သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏ အရှည်မှာ ၁၅၇၅ ပေ၊ ယာဉ်သွားလမ်းအကျယ် လေးလမ်းသွား၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၄၀၀၊ အမြင့်ပေ ၄၀ ရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်း။

**ဆက်သွယ်သွားလာနိုင်**

အဆိုပါ ခေတ်မီသံမဏိကြိုးဆိုင်းတံတားကြီးများ တည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသတွင်းလူမှုစီးပွားဘဝများနှင့် ပြည်တွင်း /ပြည်ပ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရရှိလာကြမည်ဖြစ်ကြောင်း၊ ယင်းတံတားများကိုအသုံးပြု၍ မွန်ပြည်နယ် မော်လမြိုင်မြို့မှတစ်ဆင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းနှင့် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့လည်း ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်သကဲ့သို့ အရှေ့ - အနောက် စီးပွားရေးစင်္ကြံလမ်းပေါ်ရှိ ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့်ပါ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးပြောကြားကာ ဌာနအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ကျင်းပ

**ထားဝယ် မတ် ၈**

"တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး" ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမျိုးသမီးများ၏ အခွင့်အရေးများ၊ စွမ်းဆောင်နိုင်ရည်များနှင့် လူသားအကျိုးပြုမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၅ ခုနှစ်ကစပြီး မတ် ၈ ရက်ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" အဖြစ် တရားဝင်အသိအမှတ်ပြုခဲ့ကြောင်း၊ နှစ်စဉ် မတ် ၈ ရက်ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် နိုင်ငံတကာတွင် အခမ်းအနားများ ကျင်းပသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများ၏ အရေးပါသော အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေရန် ယခုလိုအခမ်းအနားများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တက်ရောက်လာကြသူများက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယိုကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုလည်းကောင်း၊ ထားဝယ်မူလတန်းကြိုကျောင်းမှ သားငယ်/ သမီးငယ်များ၏ Top of the world တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၈**

၂၀၂၅ ခုနှစ် မတ် ၂၀ ရက်မှ ၂၅ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံ၌ကျင်းပခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ တရုတ် (တိုင်ပေ)၊ အီတလီနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာအသင်းအနေဖြင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုစီနှင့် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခုရရှိခဲ့ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယခုလိုအောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်ခြင်းသည် နိုင်ငံတော်နှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးခြင်းသာမက နိုင်ငံတော်၏အားကစားအဆင့်အတန်း တိုးတက်မြင့်မားခြင်းကို ဖော်ဆောင်နိုင်ခြင်းဖြစ်သည့်အတွက် ယခုလိုဂုဏ်ပြုချီးမြှင့်ပေးရခြင်းဖြစ်ကြောင်း၊

မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်အနေဖြင့် စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် ၁၉၉၁ ခုနှစ်မှ စတင်၍ ယနေ့ထိ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ် ၂၀ ကျော်၊ ကြေးတံဆိပ် ၃၀ ကျော်၊ အာရှအဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ၁၀ ခုနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၂၀၊ ကြေးတံဆိပ် ၃၀ ကျော်ထိဆွတ်ခူးရရှိထားပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယနေ့ထိ ရွှေတံဆိပ် ၂၈ ခု၊ ငွေတံဆိပ် ၅၀ ကျော်၊ ကြေးတံဆိပ် ၆၀ ကျော်ထိ ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးမင်းမင်းထိုက်က အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ခဲ့မှုအခြေအနေများ၊ ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှစ်ယောက်တွဲအမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ယမုံဇင်၊ ခင်နှင်းဝေနှင့် ဖြူဖြူသန်းတို့အတွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း၊ လေးယောက်တွဲ အမျိုးသား+အမျိုးသမီးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ခင်နှင်းဝေ၊ ဖြူဖြူသန်း၊ ဖူးဖူး၊ ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်နှင့် ဇင်ကိုကိုတို့အတွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်နှင့် အောင်မျိုးကျော်တို့အတွဲကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်၊ အောင်မျိုးကျော်၊ ဇင်ကိုကို၊ သန့်ဇင်ထွန်းနှင့် သက်ပိုင်စိုးတို့အတွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း၊ ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြအဖွဲ့တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲဝင့်ထွန်းတင်တို့ကလည်းကောင်း ဂုဏ်ပြုဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရအားကစားသမားများကိုယ်စား ရွှေတံဆိပ် တစ်ခုနှင့် ငွေတံဆိပ် တစ်ခု ဆွတ်ခူးရယူပေးခဲ့သည့် အားကစားသမား ခင်နှင်းဝေက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ ယနေ့ကျင်းပသည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် စုစုပေါင်း ငွေကျပ် သိန်း ၁၄၄၀ ကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၈**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် ၂၃ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့်ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီတို့မှ ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးကော်မတီ ဥက္ကဋ္ဌနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီး အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ "တရားမျှတမှုနဲ့ အခွင့်အရေးများ ရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး" ဖြစ်ပါကြောင်း၊ ဆောင်ပုဒ်၏ ဆိုလိုချက်အရ အမျိုးသမီးများနှင့်ပတ်သက်ပြီး တန်းတူညီမျှမှုနှင့် တရားမျှတမှုရရှိစေရန်၊ ဥပဒေပြဋ္ဌာန်းချက်များကိုသိရှိပြီး လေးစားလိုက်နာစေရန်၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများကို ဖယ်ရှားစေပြီး အနာဂတ်တိုးတက်မြင့်မားစေရန်အတွက် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်အမှတ် (၅) ဖြစ်သည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး လုပ်ငန်းစဉ်များ၊ ကမ္ဘာ့အမျိုးသမီး ညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေသည် သန်း ၈ ထောင်ကျော် ရှိသည့်အနက် အမျိုးသမီး ဦးရေသည် ၄၉ ဒသမ ၇၄ ရာခိုင်နှုန်းရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၁ ဒသမ ၄ သန်းရှိပြီး အမျိုးသမီးဦးရေသည် ၅၃ ရာခိုင်နှုန်းရှိပါကြောင်း၊ မြန်မာ အမျိုးသမီးများသည် ရှေးအစဉ်အလာကတည်းက အမျိုးသားများနည်းတူ သာတူညီမျှလူ့အခွင့်အရေးများကို ယနေ့အထိ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ခံစားနေကြရသည်ကို အားလုံးလည်း သိရှိပြီးဖြစ်ပါကြောင်း၊ ကျား၊ မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများအားလုံး စွမ်းပကားမြင့်မားရေး ဆောင်ရွက်ချက်များကို ထိရောက်အောင်မြင်နိုင်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံအားလုံးကို အဆုံးသတ်စေရေး လုပ်ငန်းစဉ်များသည်လည်း အဓိကအရေးပါကြောင်း။





အကြမ်းဖက်မှုကြုံတွေ့ရပါက လိုအပ်သည့် ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိနိုင်ရေးအတွက် သတင်းပို့ တိုင်ကြားနိုင်ရန် Helpline ဖုန်း ၁၅၆၆ ဖြင့် ၂၄ နာရီဝန်ဆောင်မှု ပေးလျက်ရှိပါကြောင်း၊ မြန်မာအမျိုးသမီးထုကြီး အားလုံး၏ အခွင့်အရေးများ အပြည့်အဝရရှိ ခံစားနိုင်စေရေးနှင့် နိုင်ငံတကာနှင့် ထားရှိသည့် ကတိကဝတ်များ၊ စီမံချက်များကို အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအလိုက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) ပါနယ်ပယ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မြန်မာနိုင်ငံ၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်သူများသည် ခင်းကျင်းပြသထားသော အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **သတင်းစဉ်**

■ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ မတ် ၇ ရက် နံနက် ၈ နာရီ ၁၀ မိနစ်မှ ၁၁ နာရီခွဲအထိ ဟိုပုံး မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် လုံပေးကျေးရွာအုပ်စု လိုက်ကတူးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ငါးဧကခန့်အားလည်းကောင်း၊

အလားတူ နံနက် ၉ နာရီမှ ညနေ ၄ နာရီ ၃၅ မိနစ်အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု နောင်လပ်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၃ ဧကခန့်အား လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ ၁၁ နာရီ ၂၅ မိနစ်အထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာအုပ်စု ထီတမောင်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း လေးဧက ခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# စက်သုံးဆီအရေး စုံ နှင့် မ အတိအကျလိုက်နာခြင်းဖြင့် နိုင်ငံကြီးသားပီသကြောင်းသက်သေပြပါ

မေ

တစ်စစနှင့် နွေကာလကလည်း ရောက်ရှိလို့လာပြီပေါ့။ ကလေးရှိတဲ့ စာရေးသူတို့ အိမ်မှာတော့ နွေကျောင်းပိတ်ရက်မို့ ကျောင်းသူ ကျောင်းသားတွေ အားလပ်ချိန်ဖြစ်တာကြောင့် အိမ်မှာလူစုံတဲ့ရာသီလို့ ပြောရမယ်။ ဒီအချိန်ဟာ ဆောင်းအကုန် နွေအကူး ရာသီပြောင်းချိန်မို့ အပူအအေးမမျှတတာကြောင့် ကလေးသူငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးကို ဂရုစိုက်ကြရတဲ့ အချိန်ဆိုလည်း မမှားဘူး။ လူစုံတက်စုံရှိတဲ့အချိန် မီးဖိုချောင်ကို တာဝန်ယူကြတဲ့ အိမ်ရှင်မတွေအတွက် သွေးတက်တဲ့ကာလပါပဲ။ အစပ်မစားနိုင်တဲ့ ကလေး၊ ဆီပြန်ဟင်းကြိုက်တဲ့လူကြီးနဲ့ အနူးအနပ်ဟင်းကိုမှ ဝါးနိုင်တဲ့ သက်ကြီးဘိုးဘွားတွေအတွက်၊ အသီးအရွက်မပါရင် မစားတတ်သူတွေအတွက် စသည်ဖြင့် လောက်ငဗိုက်ဝအောင် ဖြည့်ဆည်းကြရတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပေဘူး။

ဒီနေ့လည်း ဆီပြန်ဟင်းကို မနက်ညလောက်ငပြီး ဟင်းအနှစ်နဲ့မျှတအောင် ပြင်ဆင်ရင်း နေ့လယ်ထမင်းဝိုင်းလေး စတင်ချိန်မှာ သမီးကြီးက လက်ရှိ တစ်နိုင်ငံလုံးအတွက် သတင်းသစ်တစ်ပုဒ်ဖြစ်တဲ့ စုံ၊ မ ရက်အလိုက် စက်သုံးဆီချွေတာရေး အစီအမံအကြောင်း စကားစတယ်။ အိမ်ကဆိုင်ကယ်နံပါတ်အက္ခရာက မဂဏန်းမို့ သတ်မှတ်ရက်မှာ ဈေးဝယ်ဖို့နဲ့ လိုအပ်တာသုံးဖို့ သူက အကြံပြုရာကစလို့ ထမင်းဝိုင်းဟာ စက်သုံးဆီချွေတာရေးအကြောင်း အပြန်အလှန် သုံးသပ်ငြင်းခုံကြရင်း ပိုပြီးစည်ကားနေတော့တာပါပဲ။ ဒါပေမယ့် အိုးသူကြီး စာရေးသူကတော့ စကားတပြောပြောနဲ့ စားကောင်းနေကြတဲ့ ထမင်းဝိုင်းကို ကြည့်ရင်း ရင်တမမပေါ့။ ချက်ထားတဲ့ဟင်းက ညမနက်စာဖြစ်တာကြောင့် တစ်နပ်တည်းနဲ့ အကုန်များစားပစ်လိုက်ကြရင် ညနေစာအတွက် ရင်မောရမှာ မဟုတ်လား။

မိသားစုအားလုံးက ညှာညှာတာတာစားသောက်တာကြောင့်ပဲလား၊ အိုးသူကြီး ပိုင်နိုင်လို့ပဲလားမသိ၊ ကလေးတွေအားလုံး စားသောက်ပြီးချိန်မှာ မိသားစုညစာအတွက် ဆီပြန်ဟင်းက ကွက်တိ အတိအကျ ကျန်နေပါသေးတယ်။ တော်သေးတာပေါ့။ အကယ်၍များ မနက်ညစာကြိုတင်မစဉ်းစားမိရင်၊ ဒါမှမဟုတ် မိသားစုထဲက ဗွေဖောက်ပြီး အတ္တကြီးသူက စားနိုင်တာထက်ပိုပြီး မညှာမတာ စားသောက်ရင် ညနေစာအတွက် ထပ်မံဖြည့်တင်းရဦးမယ်။

တစ်လက်စတည်း လက်ရှိစက်သုံးဆီချွေတာရေးအကြောင်းကို ဆက်စပ်တွေးတောမိတယ်။ စာရေးသူလို အိမ်ရှင်မတစ်ဦးဟာ မိသားစု စားရေးအတွက် နေ့စဉ်နဲ့အမျှ တွေးတော ပူပန်ရတယ်။ အာဟာရပြည့်ဝအောင်၊ ဝင်ငွေနဲ့မျှတအောင်၊

> ❖ **လက်ရှိမှာ ပညာပေးကာလအဖြစ် သတ်မှတ်ထားပြီး စုံ၊ မ စက်သုံးဆီ ချွေတာရေးနည်းလမ်းကို အများပြည်သူတွေ နားလည်သဘောပေါက်အောင် ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။ ထုတ်ပြန်ချက်နှစ်ကြိမ်အရ အများပြည်သူသုံး ခရီးသည်ပို့ဆောင်ရေးယာဉ်တွေ၊ လူနာတင်ယာဉ်၊ ဖယ်ရီကြိုပို့ယာဉ်၊ ဆီဘောက်ဆာတွေနဲ့ ရုံးဌာနယာဉ်တွေ၊ အမှိုက်သိမ်းယာဉ်နဲ့ နာရေးယာဉ် စတာတွေကတော့ ပုံမှန်အတိုင်း သွားလာခွင့်ရရှိမှာပါ။ သို့သော် အများနဲ့မသက်ဆိုင်တဲ့ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်ဆိုင်ကယ်တွေ အပါအဝင် ဒီစည်းကမ်းကို လိုက်နာကြရမှာပါ**

ကျန်းမာကြံ့ခိုင်အောင်၊ အရသာပြည့်စုံအောင် စသည်ဖြင့် ဖြည့်တင်းရတာဟာ နိုင်ငံ့အရေးနဲ့ ဆက်စပ်နေတာပါပဲ။ အခုနိုင်ငံမှာ စက်သုံးဆီအရေး အားလုံးပူးပေါင်းအဖြေရှာသင့်တာလည်း နိုင်ငံရေးပါပဲ။ ဒါကြောင့် Politics begins in the kitchen လို့ ၁၉ ရာစုက ပေါ်ထွက်ခဲ့တဲ့ ဂျာမန်စာရေးဆရာနဲ့ နိုင်ငံရေးသမား Luise OttoPeters က ဆိုခဲ့တာဖြစ်မယ်။ မိသားစုတစ်စုမှာ အခက်အခဲ အကျပ်အတည်းတွေ ကြုံတွေ့လာတဲ့အခါ အတူတူရင်ဆိုင်ဖြေရှင်းကြမယ်၊ ဆင်းရဲဒုက္ခကြုံတဲ့အခါ အတူဖြတ်ကျော်လို့ ချမ်းသာသုခရရှိတဲ့အခါလည်း အတူတကွမျှဝေကြမယ်ဆိုသလို နိုင်ငံတစ်နိုင်ငံဟာ မိသားစုတစ်စုလိုပဲ အခက်အခဲ၊ အကျပ်အတည်းတွေကို နိုင်ငံသားတွေ စုပေါင်းအဖြေရှာကြမယ်၊ ကိုယ်ကျိုးအတ္တထက် အများအကျိုး ပရစိတ်ထားနဲ့ မျှတတဲ့အမြင်၊ စာနာတဲ့အတွေးနဲ့ မြင့်မြတ်တဲ့ ကရုဏာစိတ်ထားကြမယ်ဆိုရင် အဲဒီအခက်အခဲတွေဟာ မကြာမီလွန်မြောက်ပြီး သုခချမ်းသာကို ရရှိကြမှာမလွဲပါဘူး။

## ဘာကြောင့်ချွေတာသုံးစွဲရတာလဲ

အခုလို နိုင်ငံအတွင်း စက်သုံးဆီချွေတာတဲ့ အစီအစဉ်တွေ ဘာကြောင့်ချမှတ်ရသလဲ ဆိုတာကို အားလုံးသိကြမယ်လို့ ထင်ပါတယ်။ အဓိကအကြောင်းရင်းကတော့ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကြောင့်လို့ဆိုရပါမယ်။ အရှေ့အလယ်ပိုင်းလို့ခေါ်တာဟာ အထူးသဖြင့် ဗြိတိန်ရဲ့ ပထဝီဝင်ရှုထောင့်ကနေမြင်တဲ့အမြင်ဖြစ်ပါတယ်။ ၁၉ ရာစုနှောင်းပိုင်းမှာ ဗြိတိသျှတွေဟာ ကမ္ဘာ့နေရာတွေကို သူတို့အရပ်ဒေသ ဥရောပကနေဗဟိုပြုပြီး စဉ်းစားလေ့ရှိတာကြောင့် အရှေ့ဖျားဒေသ၊ အရှေ့အလယ်ပိုင်းဒေသ စသည်ဖြင့်ခေါ်ဆိုရာကနေ ဒီအသုံးအနှုန်းဖြစ်လာတာပါ။ အမှန်က ပထဝီဝင်အရ အနောက်အာရှဒေသဖြစ်ပါတယ်။ အဲဒီဒေသမှာ အီရန်၊ အီရတ်၊ ဆီးရီးယား၊ လက်ဘနွန်၊ အစ္စရေး၊ ပါလက်စတိုင်းနဲ့ အာရေဗျကျွန်းဆွယ်က နိုင်ငံတွေပါဝင်ပါတယ်။

လက်ရှိမှာ အီရန်ကို အမေရိကန်နဲ့ အစ္စရေးက စစ်ဆင်နွှဲလိုက်တဲ့အတွက် ကမ္ဘာ့ရေနံတင်ပို့မှုလမ်းကြောင်းတွေ ပြတ်တောက်သွားတာ၊ ကမ္ဘာ့ရေနံရဲ့ ငါးပုံတစ်ပုံလောက် ဖြတ်သန်းနေတဲ့ ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့ခံလိုက်ရတာ စတာတွေကြောင့် ဒီရေလက်ကြားကနေ အာရှကို ရေနံတင်သင်္ဘောတွေ သွားတဲ့လမ်းကြောင်းဖြစ်လို့ စက်သုံးဆီ တင်ပို့မှုလမ်းကြောင်းတွေ ကြန့်ကြာနေရခြင်းဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံဟာ ပြည်ပကနေ စက်သုံးဆီ ၉၀ ရာခိုင်နှုန်းလောက် တင်သွင်းနေရတဲ့ နိုင်ငံဖြစ်ပါတယ်။ အဓိကကတော့ မလေးရှား၊ စင်ကာပူစတဲ့ အရှေ့တောင်အာရှနိုင်ငံတွေကနေ သန့်စင်ပြီးသားဆီကို တင်သွင်းရတာပါ။ ဒါကြောင့် နိုင်ငံတော်အစိုးရကနေ စက်သုံးဆီခြိုးခြံချွေတာ သုံးစွဲရေးအတွက် ပြည်သူတွေကို အသိပေးကြေညာချက်တွေ ထုတ်ပြန်ခဲ့ရပါတယ်။

ဒီနေရာမှာ လစဉ်စုံရက်တွေမှာ စုံနံပါတ်အက္ခရာပါတဲ့ယာဉ်တွေ၊ မရက်တွေမှာ မ နံပါတ်အက္ခရာပါတဲ့ယာဉ်တွေက မောင်းနှင်အသုံးပြုကြရမှာဖြစ်ပါတယ်။ ဒါဟာ စက်သုံးဆီလုံးဝပြတ်တောက်လို့မဟုတ်ဘဲ လက်ကျန်စက်သုံးဆီတွေကို ပိုပြီးကြာရှည်သုံးစွဲနိုင်အောင်၊ လက်ရှိဆိုက်ရောက်လာတဲ့ ဆီတင်သင်္ဘောတွေပေါ်က စက်သုံးဆီတွေကိုလည်း စနစ်တကျ အချိန်ပိုကြာကြာ သုံးစွဲနိုင်အောင် စီမံပေးတဲ့သဘောလို့ နားလည်လက်ခံပြီး အားလုံးက ပူးပေါင်းပါဝင်ပေးကြဖို့ လိုအပ်ပါတယ်။

## တစ်ယောက်အားနှင့် ယူသော်မရ စုပေါင်းအားနှင့် ယူသော်ရ၏

လက်ရှိမှာ ပညာပေးကာလအဖြစ် သတ်မှတ်ထားပြီး စုံ၊ မ စက်သုံးဆီချွေတာရေးနည်းလမ်းကို အများပြည်သူတွေ နားလည်သဘောပေါက်အောင် ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။ ထုတ်ပြန်ချက်နှစ်ကြိမ်အရ အများပြည်သူသုံး ခရီးသည်ပို့ဆောင်ရေးယာဉ်တွေ၊ လူနာတင်ယာဉ်၊ ဖယ်ရီကြိုပို့ယာဉ်၊ ဆီဘောက်ဆာတွေနဲ့ ရုံးဌာနယာဉ်တွေ၊ အမှိုက်သိမ်းယာဉ်နဲ့ နာရေးယာဉ်စတာတွေကတော့ ပုံမှန်အတိုင်း သွားလာခွင့်ရရှိမှာပါ။ သို့သော် အများနဲ့မသက်ဆိုင်တဲ့ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်ဆိုင်ကယ်တွေ အပါအဝင် ဒီစည်းကမ်းကို လိုက်နာကြရမှာပါ။

အခုလို ကန့်သတ်လိုက်တဲ့အတွက် စက်သုံးဆီအခက်အခဲကို အထိုက်အလျောက် လျော့ပါးသက်သာစေသလို တစ်ဖက်မှာလည်း အိပ်ဇောအမျိုးမျိုးက ထွက်ပေါ်လာမယ့် ကာဗွန်ဒိုင်အောက်ဆိုက်ခေတ်ငွေ့ကိုလည်း လျှော့ချပြီးသားဖြစ်သွားမယ်၊ မလိုအပ်ဘဲ အပြင်မထွက်ကြတော့တဲ့အတွက် ကုန်ကျစရိတ်သက်သာစေမှာ ဖြစ်ပါတယ်။ ဒါဟာ မိမိမိသားစုအတွက်ရော၊ နိုင်ငံအတွက်ရော၊ ကမ္ဘာမြေကျန်းမာဖို့အတွက်ရော အကျိုးရှိတဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။ အကယ်၍ အရေးပေါ် သွားလာဖို့လိုအပ်မယ်ဆိုရင် အများပြည်သူသုံးယာဉ်တွေကို အသုံးပြုလို့ရနိုင်သလို နီးစပ်ရာခရီးစဉ်တွေကို ခြေကျင်ခရီးနှင်ခြင်း၊ စက်ဘီးစီးခြင်းအားဖြင့် ကျန်းမာရေးနဲ့ညီညွတ်မှုကိုပါ ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

မနှစ်က တရုတ်နိုင်ငံ ယူနန်ပြည်နယ် မာလီပိုကောင်တီကို အလည်အပတ် ရောက်ခဲ့စဉ် ထူးခြားမှုတစ်ခုကို ခံစားခဲ့ရဖူးပါတယ်။ မော်တော်ကားစီးရေနည်းပါးခြင်းနဲ့ စက်ဘီးနဲ့ လျှပ်စစ်မော်တော်ဆိုင်ကယ်တွေကို အားထားအသုံးပြုခြင်း၊ အများပြည်သူသုံးယာဉ်တွေကိုသာ အသုံးပြုခြင်း စတာတွေကို မြင်တွေ့ခဲ့ရပါတယ်။ အကျိုးဆက်တွေ အနေနဲ့ ပြာလွဲ့တဲ့ကောင်းကင်ဟာ မီးခိုးမြူတို့ကင်းစင်နေတာ၊ သက်ကြီးဘိုးဘွားတွေ အတော်များများ သက်ရှည်ကျန်းမာကြံ့ခိုင်နေတာနဲ့ စက်ဘီးနဲ့ လျှပ်စစ်ဆိုင်ကယ် အဓိကသုံးတာကြောင့် ကောင်တီတစ်ခုလုံးမှာ အိပ်ဇောသံ လုံးဝနီးပါး မကြားရပါဘူး။ ကာဗွန်လျှော့ချခြင်းဟာ ကမ္ဘာကြီးကို အသက်ရှည်အောင် ကူညီခြင်းပဲမဟုတ်လား။

## စည်းကမ်းလိုက်နာခြင်းဖြင့် ပူးပေါင်းကြစေလို

အခုလို အခက်အခဲရှိနေတဲ့ကာလမှာ စက်သုံးဆီတွေကို မလိုအပ်ဘဲ ဝယ်ယူကြတာမျိုးနဲ့ ဈေးအဆမတန် မြှင့်တင်ရောင်းချတာမျိုးကို ရောင်းသူရော၊ ဝယ်သူဘက်ကပါ ရှောင်ကြဉ်ကြဖို့လိုအပ်ပါတယ်။ သတ်မှတ်ထားတဲ့ စုံ၊ မ ရက်အလိုက် ဆီဖြည့်တာ၊ အပြင်သွားတာမျိုးကို လုပ်ဆောင်သင့်ပြီး မသမာတဲ့နည်းလမ်းတွေဖြစ်တဲ့ နံပါတ်ပြားလဲလှယ်တပ်ဆင်တာ၊ နံပါတ်ပြားအတု အသုံးပြုတာတွေကို တွေ့ရှိရင် ပညာပေးကာလပြီးဆုံးတဲ့အခါ အရေးယူမှုအစီအစဉ်တွေ စတင်နိုင်တာမို့ သတိပြုရှောင်ကြဉ်သင့်ပါတယ်။

ပြီးခဲ့တဲ့ရက်က မန္တလေးမြို့မှာ ဆီထည့်ရန်စောင့်ဆိုင်းရင်း စက်သုံးဆီဆိုင်အနီး ဆေးလိပ်သောက်သုံးတဲ့အတွက် အများပြည်သူက ဝိုင်းဝန်းတားဆီးခဲ့တယ်လို့ အွန်လိုင်းစာမျက်နှာတွေမှာ မြင်တွေ့ရပါတယ်။ ထို့အတူ ဆီကို ပုံးအလွတ်တွေနဲ့ ဝယ်ယူစုဆောင်းခြင်းဟာ မီးဘေးအန္တရာယ်ကျရောက်စေနိုင်တဲ့အတွက် သတိပြုရှောင်ကြဉ်ကြရမှာပါ။

စက်သုံးဆီအခက်အခဲဟာ မိမိတို့ တစ်ဦးတည်း၊ တစ်နိုင်ငံတည်း ကြုံတွေ့ရတဲ့ အခက်အခဲ မဟုတ်ပါဘူး။ နိုင်ငံအများအပြား ကြုံတွေ့ရပြီး ဝိုင်းဝန်းအဖြေရှာနေကြရတဲ့ အချိန်ဖြစ်ပါတယ်။ လက်ရှိမှာ ရက်ပေါင်း ၄၀ လောက် ပုံမှန်အသုံးပြုနိုင်မယ့် စက်သုံးဆီ ပမာဏနဲ့ ဆိပ်ကမ်းရောက်နေတဲ့ စက်သုံးဆီတွေ၊ မြန်မာနိုင်ငံကို ဦးတည်ပြီး ထွက်ခွာလာနေတဲ့ ဆီတင်သင်္ဘောပေါ်ကဆီတွေ ပေါင်းစပ်လိုက်ရင် လက်ရှိမှာ အလွန်အမင်း ခက်ခဲကျပ်တည်းနေခြင်း မရှိပါဘူး။ အခုလို စုံ၊ မ ခွဲခြား အသုံးပြုချွေတာလိုက်ခြင်းဖြင့် ပိုပြီး စိတ်ချစရာ မျှတသုံးစွဲခြင်းနည်းလမ်းဖြစ်တာကြောင့် အားလုံးက နိုင်ငံကြီးသား ပီသစွာဖြင့် ပူးပေါင်းပါဝင်ပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

> ◆ **အခုလို အခက်အခဲရှိနေတဲ့ကာလမှာ စက်သုံးဆီတွေကို မလိုအပ်ဘဲ ဝယ်ယူကြတာမျိုးနဲ့ ဈေးအဆမတန် မြှင့်တင်ရောင်းချတာမျိုးကို ရောင်းသူရော၊ ဝယ်သူဘက်ကပါ ရှောင်ကြဉ်ကြဖို့လိုအပ်ပါတယ်။ သတ်မှတ်ထားတဲ့ စုံ၊ မ ရက်အလိုက် ဆီဖြည့်တာ၊ အပြင်သွားတာမျိုးကို လုပ်ဆောင်သင့်ပြီး မသမာတဲ့နည်းလမ်းတွေဖြစ်တဲ့ နံပါတ်ပြားလဲလှယ်တပ်ဆင်တာ၊ နံပါတ်ပြား အတု အသုံးပြုတာတွေကိုတွေ့ရှိရင် ပညာပေးကာလပြီးဆုံးတဲ့အခါ အရေးယူမှုအစီအစဉ်တွေ စတင်နိုင်တာမို့ သတိပြုရှောင်ကြဉ်သင့်ပါတယ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားတက်ရောက်

**နေပြည်တော် မတ် ၈**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင်နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော် အမျိုးသမီးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီး ကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော် အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ “Rights. Justice. Action. For All Women and Girls” “တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး” ဖြစ်ကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း NSPAW ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ထိရောက်အောင်မြင်ရန်အတွက် Phase II (၂၀၂၃-၂၀၃၂) ကို ဦးဆောင်ကော်မတီတစ်ရပ်နှင့် လုပ်ငန်းကော်မတီ(၁၂)ရပ် ဖွဲ့စည်းပြီးရေးဆွဲခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပပြုလုပ်ခြင်းဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာလုပ်ငန်းများ၏ အရေးကြီးမှုကို ပိုမိုထင်ဟပ်ပေါ်လွင်စေခြင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်နိုင်ခြင်းနှင့် စောင့်ရှောက်မှုများပေးနိုင်ခြင်းဖြင့် ယခုနှစ် ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများ၏ စွမ်းရည်များမြှင့်တင်ပေးနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမျိုးသမီးငယ်ရွယ် စွမ်းဆောင်ရည်ဆု ရရှိသူများကိုလည်းကောင်း၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သီတာဇင်က ASEAN Award 2025 ဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။



ယင်းနောက် ပျဉ်းမနားခရိုင် အမျိုးသမီးရေးရာအဖွဲ့က အလှကမ္ဘာမြေတေးသီချင်း၊ မမကိုယ်တိုင်က တေးသီချင်း၊ ဇေယျာသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ချင်းတို့ဌာနေ တေးသီချင်းနှင့် နေပြည်တော် ကလေးပြုစုရေးဌာန သမီးငယ်လေးများက ရက်မြတ်မင်္ဂလာ တေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ် ဘားအံမြို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**ဘားအံ မတ် ၈**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အမျိုးသမီးများအရေး ဆောင်ရွက်နေသည့် အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဝိုင်းဝန်းကြိုးပမ်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်သူများအတွက် တရားမျှတမှုနှင့် ကာကွယ်စောင့်ရှောက်မှု အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍအားလုံးတွင် အခွင့်အရေးများကို အပြည့်အဝရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အမျိုးသမီးကော်မတီကို ဖွဲ့စည်းထားပြီး အမျိုးသမီးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်း အမျိုးသမီးများအားလုံးဘဝလုံခြုံမှုရှိစေရန်၊ တရားမျှတမှုရှိစေရန်နှင့် ကဏ္ဍပေါင်းစုံတွင် တန်းတူညီမျှပါဝင်ခွင့်ရရှိစေရန်၊ ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊အမျိုးသမီးများအရေးဆောင်ရွက်နေသည့် အသင်းအဖွဲ့များနှင့် တက်ရောက်လာကြသူများက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သော သဝဏ်လွှာ Video Clip နှင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် မြန်မာနိုင်ငံ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက် Video Clip တို့ကို ကြည့်ရှုကြသည်။

ယင်းနောက် မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်လေးများက ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများနှင့် ဒေသထွက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အစဉ်အလာကို ချေဖျက်ရန် ခြေကုန်ထုတ်လာသည့် နယူးကာဆယ်အသင်းသည် ပွဲချိန် ၁၈ မိနစ်တွင် တိုနယ်လီ၏ ဖန်တီးမှုမှ ဘားနက်စ်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် မန်စီးတီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာနှင့်အတူ ချေပဂိုးရရှိရေး တရစပ်ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် မန်စီးတီးအသင်း ချေပဂိုးရရှိခဲ့ပြီး ဆာဗင်ညိုက သွင်းယူပေးခဲ့သည်။

နယူးကာဆယ်အသင်းသည် ပွဲချိန်ကြာလာသည်နှင့်အမျှ မန်စီးတီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဟန့်တားကာကွယ်နိုင်ခြင်း မရှိတော့ဘဲ သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။ ဒုတိယပိုင်းပြန်လည်စတင်ပြီး မကြာမီတွင် မန်စီးတီးအသင်းအတွက် ဒုတိယဂိုးကို တိုက်စစ်ကစားသမားမာမွတ်ချ်က သွင်းယူပေးခဲ့သည်။

ထို့နောက် နယူးကာဆယ်အသင်းက လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းလိုအပ်ချက်နှင့် ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တားရင်းထုတ်နိုင်မှုကြောင့် အချည်းနှီးဖြစ်ခဲ့ရသည်။ မန်စီးတီးအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် နူနက်စ်၏ဖန်တီးမှုမှ မာမွတ်ချ်က ဆက်လက်သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်း တိုက်စစ်ကစားသမား မာမွတ်ချ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် အရေးပါသည့် သွင်းဂိုးများ သွင်းယူပေးနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် မန်စီးတီးအသင်းကို နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုလေးကြိမ်တွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ခြင်းမရှိဘဲ လေးကြိမ်စလုံး ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

အခြားပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က လိဂ်ဝမ်းကလပ် မန်းဖီးလ်ကို နှစ်ဂိုး-တစ်ဂိုး၊ ချယ်ဆီးက ချန် ပီယံရှစ်ကလပ် ရက်စ်ဟမ်းအသင်းကို အကြိတ်အနယ်ကစားပြီး လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# ပန်းဘဲတန်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ ဒေသအသီးသီးမှ အကြမ်းဖက် ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ၍ မြို့နယ်အတွင်းသို့ ရောက်ရှိလာသည့် ပြည်သူများအား အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၆ ရက် နံနက် ၁၁ နာရီက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဒုတိယ ဗိုလ်မှူးကြီး စိုးမင်းအောင်နှင့် တာဝန်ရှိသူများက ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာ၍ ပန်းဘဲတန်းမြို့နယ်အတွင်းသို့ ရောက်ရှိလာသည့် ပြည်သူများအား အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွက် ထောက်ပံ့ငွေများအဖြစ် ယာယီနေရပ်စွန့်ခွာ ပြည်သူတစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၄ စု၊ လူဦးရေ ၇၂ ဦးတို့အတွက် စုစုပေါင်းငွေကျပ် ၄၃၂၀၀၀၀ အား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။ **(ဝဲပုံ) မြို့နယ်(ပြန် /ဆက်)**

**တိမ်အနည်းငယ် ဖြစ်ထွန်းနေ**

**နေပြည်တော် မတ် ၈** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှု

**မော်လမြိုင် မတ် ၈**

မွန်ပြည်နယ်အတွင်း ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများတွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်ပြီး အများပြည်သူများ စိတ်အေးချမ်းမြေ့စေရန်အတွက် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက် ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ချုံနွယ်များ၊ မြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓမ္မဗိမာန်တော်ကြီး အတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက် ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံ ပရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေးနှင့် စိမ်းလန်းစိုပြည်မှုရှိစေရေး အလေးထားဆောင်ရွက်ပေးကြရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၈**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပတ်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ တလိုင်းကုန်းကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၅၇ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ကွက်ရှိ ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ ဒေါ်ဖီဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးနှင့် ဒေသခံပြည်သူ ၁၂၈ ဦးအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကဝမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၈**

ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေသည် ယနေ့နံနက်ပိုင်းက ကဝမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးရာ ကဝမြို့နယ် မကျက်ကြီးကျေးရွာ မြေသားရေကန် တိုးချဲ့ပြုပြင်ခြင်း အနက်နတ်ခြင်း ၂၁၉၄၅၀ ကုဗပေနှင့် မြေသားရေကန်ခြံစည်းရိုး ကာရံခြင်း ပေ ၁၂၁၀ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် မကျက်ကြီးကျေးရွာရှိ ဦးဌေးလှိုင်၏ နို့စားနွားမွေးမြူရေးခြံရှိ နို့စားနွားကောင်ရေ ၃၀ မွေးမြူထားရှိရာ တစ်နေ့ နွားနို့



ပိဿာ ၁၀၀ ထွက်ရှိပြီး ရန်ကုန်မြို့ဒိုင်မှ နေ့စဉ် လာရောက်ဝယ်ယူလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက နို့စားနွားများတိုးချဲ့မွေးမြူသွားရန် ပြောကြား ပြီး ၎င်းကျေးရွာရှိ IT Centre ခန်းမ၌ ကျေးရွာနေပြည်သူများ၊ လူငယ်များ အသိဉာဏ်ဗဟုသုတပြည့်ဝစေရေး ဆောင်ရွက်ထားရှိမှုတို့အား ကြည့်ရှုအားပေးသည်။

ထို့နောက် ပဲခူးမြို့ ပဲခူးမြစ်ကူးတံတားအထက်အောက် Bored Pile အခြေပြု ကျောက်/ ကွန်ကရစ်မြေထိန်းတမံ ပဲခူးမြစ်ကူးတံတား၏ အထက် ၆၇၅ ပေနှင့် အောက်ဘက် ၃၂၅ ပေ အလျား ပေ ၁၀၀၀ ဆောင်ရွက်နေမှု၊ ပဲခူးမြို့နယ် ဒေးစွန်ပါ ဘုရားအတက်လမ်း (၁၀၀ ပေ X ၁၂ ပေ X ၇ ပေ) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ပဲခူးမြို့နယ်၊ အဝိုင်း-ခုံတိုင်း-ကျိုက်ဒေးယုံ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မထု၊ အရှည် (၂/၂ မိုင်) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အားထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အပူဒဏ်အန္တရာယ် ကာကွယ်ရေး

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင်နားနေပါ။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ ကန်သာယာညစျေး ဖွင့်လှစ်

မုံရွာ မတ် ၈

၂၀၂၆ ခုနှစ် "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" အထိမ်းအမှတ် အခမ်းအနားကို မတ် ၈ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာမများ၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်ဥက္ကဋ္ဌတို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးအပ်သည့် "လုပ်ငန်းစွမ်းဆောင်မှုနှင့် လွှမ်းခြုံမှု အကောင်းဆုံး" ဒုတိယဆု တံဆိပ်အား အပ်နှံကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာနှင့် မြန်မာနိုင်ငံ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သမိုင်းမှတ်တိုင်များ Video Clip တို့ကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ ကန်သာယာ ညစျေး Night Market ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်စေရန် ရည်ရွယ်၍ ဈေးသစ်များ တည်ဆောက်ပေးခြင်း၊ လက်ရှိဈေးများကို အဆင့်မြှင့်တင်မွမ်းမံပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ယင်းအပြင် မြို့နေပြည်သူများ အပန်းဖြေစေနိုင်ရန်အတွက် ယခုလို အပန်းဖြေနေရာများဖြစ်သည့် အရှေ့ဘက်ကန်သာယာ၊ အနောက်ဘက်ကန်သာယာ၊ လယ်တီကန်များဆောင်ရွက်ပေးခြင်း၊ ပြည်သူ့ဥယျာဉ် အပန်းဖြေစခန်းကို တည်ဆောက်ပေးခြင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည့် ပြည်သူလူထု လိုအပ်သည့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။



ယင်းနောက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက မုံရွာမြို့ ကန်သာယာညစျေး Night Market တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်တို့က မုံရွာမြို့ ကန်သာယာညစျေး Night Market ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကန်သာယာညစျေး ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသည့် ဘင်ခရာ /ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မုံရွာမြို့ ကန်သာယာညစျေး Night Market ၌ အလျား ၁၂ ပေ၊ အနံ ၁၂ ပေအကျယ်ရှိ ဈေးဆိုင်ခန်း ပေါင်း ၁၁၀ ရောင်းချပေးလျက်ရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားတက်ရောက်

မကွေး မတ် ၈

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့ နာယက၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ မကွေးမူကြိုကလေးငယ်များက "လှမ်းခဲ့ပါဆွေဖန်ခါးမြေ"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် ဆောင်ပုဒ်မှာ "တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများ အားလုံးအတွက် ဆောင်ရွက်ပေး" Rights. Justice. Action. For All Women and Girls ဖြစ်ကြောင်း၊ ယခုနှစ် ဆောင်ပုဒ်အတိုင်း တန်းတူညီမျှမှုရှိစေရေး၊ ခွဲခြားပစ်ပယ်ခြင်းကင်းစေရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့်အညီ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်ဗီဒီယိုနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်မှ ပေးပို့လာသည့် သဝဏ်လွှာနှင့် အထိမ်းအမှတ်နေ့ ဗီဒီယိုတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် မကွေးမူကြိုကလေးငယ်လေးများက "ရေအိုးကိုယ်စီ"သီချင်း၊ ကလေးပြုစုရေးဌာနက "အောင်ပါစေ" သီချင်း၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ သမီးပျိုလေးများက "ဗမာမလေးပါရှင့်" သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသော သားငယ်၊ သမီးငယ်လေးများနှင့် သမီးပျိုလေးများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2026) လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး အနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံ စိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံ လမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၆ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်း အကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ၊

(င) အာဆီယံ အသိုက်အဝန်း တည်ထောင်ရေး အတွက် သိသာ ထင်ရှားသည့် ဆောင်ရွက်မှုများ၊

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံ ဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်သို့ ၂၅-၅-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ Soft copy နှင့်အတူ ပူးတွဲပေးပို့ လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏




အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# စက်မှုဒီဇိုင်းများ ဆန်းသစ်တီထွင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု

**ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းမှ ထုတ်ကုန်လုပ်ငန်းရှင်များသည် ထုတ်ကုန်နှင့် ထုပ်ပိုးပစ္စည်းများကို တီထွင်ဖန်တီး၍ သုံးစွဲသူများ ပိုမိုကြိုက်နှစ်သက်ရန်နှင့် ရောင်းအား မြှင့်တင်နိုင်ရန် အလေးပေးရင်းနှီးမြှုပ်နှံလာကြသည်။**

***စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲ***

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ (MSMEs)သည် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းနှင့်ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူးကာ ဈေးကွက်ယှဉ်ပြိုင် ရောင်းချရမည်ဖြစ်ရာ မိမိတို့၏ကိုယ်ပိုင်စိတ်ကူးကြံဆမှုများဖြင့် ဆန်းသစ်တီထွင် ထုတ်လုပ်မှုများကို ပြိုင်ဘက်စီးပွားရေးလုပ်ငန်းများက လွယ်လင့်တကူပုံတူကူးခြင်း၊ တုပခြင်းတို့ကို တားဆီးကာကွယ်ရန် အရေးတကြီး လိုအပ်လာသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းကို ချဲ့ထွင်ရန်ကြိုးပမ်းနေသည့် MSMEs များ စဉ်ဆက်မပြတ် ရှင်သန်ကြီးထွားစေရန်အတွက် ဒီဇိုင်းမူပိုင်ခွင့်ပိုင်ဆိုင်မှုကို အစွမ်းထက်သည့် စီးပွားရေးကိရိယာတစ်ခုအဖြစ် မရှိမဖြစ်အသုံးပြုရန် လိုအပ်လာသည်။




ထုပ်ပိုးမှုပုံစံဒီဇိုင်းများ။ ဓာတ်ပုံ-အင်တာနက်

**ဒီဇိုင်းအသစ်များသည် လုပ်ငန်း၏ ပုံရိပ်ကို ပိုမိုကောင်းမွန်လာစေနိုင်**

ဒီဇိုင်းဟူသည် ဝယ်ယူသုံးစွဲသူများအား ဆွဲဆောင်နိုင်သည့် ထုတ်ကုန်တစ်ခုတွင် တန်ဆာဆင်ထားသော အပြင်မှ မြင်ရသည့် ပုံသဏ္ဌာန်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ နေ့စဉ်အသုံးပြုသည့် အိမ်သုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများမှစ၍ လူ့အသုံးအဆောင်နာရီများ၊ လက်ဝတ်ရတနာများ၊ အထည်အလိပ်များနှင့် အခြားဇိမ်ခံပစ္စည်းများတွင် ဒီဇိုင်းပုံစံအမျိုးမျိုးကို မြင်တွေ့နိုင်သည်။ ခေတ်မီဆန်းသစ်လှပသည့် အသွင်သဏ္ဌာန်ရှိသော ထုတ်ကုန်များသည် အခြားသော ထုတ်ကုန်များထက် ဝယ်ယူသုံးစွဲသူများကို ပိုမိုဆွဲဆောင်နိုင်သည်။ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ၊ အဝတ်အထည်လုပ်ငန်းများ၊ ဖက်ရှင်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ စသည်တို့တွင် ဒီဇိုင်း၏ ကာလာသည် အလွန်အရေးပါသည်။ ထို့အပြင် အပြင်ပန်းပုံသဏ္ဌာန်အားဖြင့် လှပခံ့ညားသော အနုပညာဒီဇိုင်းများသည် ထုတ်ကုန်တစ်ခုအား ဝယ်ယူရန် ဆုံးဖြတ်ချက်ချပေးရာတွင် ဝယ်ယူသူအား များစွာတွန်းအားပေးနိုင်သည်။ ထုတ်ကုန်ဒီဇိုင်းအသစ်များသည် စီးပွားရေးလုပ်ငန်းများတွင် ၎င်းတို့၏ ထုတ်ကုန်များကို ပြိုင်ဘက်လုပ်ငန်းများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေပြီး လုပ်ငန်း၏ ပုံရိပ်ကို ပိုမိုကောင်းမွန်လာစေနိုင်သည်။ သို့ဖြစ်၍ ဒီဇိုင်းများသည် စီးပွားရေးလုပ်ငန်းများအတွက် အဖိုးတန် စီးပွားရေးကိရိယာဖြစ်သောကြောင့် ၎င်းတို့ကို ခိုင်မာထိရောက်စွာ အကာအကွယ်ယူထားရန် အရေးကြီးပေသည်။

ဒီဇိုင်းကိုဖန်တီးရာတွင် မလိုအပ်သော ရှုပ်ထွေးမှုများကို လျှော့ချပြီး အသုံးပြုရလွယ်ကူစေသော ရိုးရှင်းလှပသည့် ဒီဇိုင်းများသည် သုံးစွဲသူများကို စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်သည်။ ထုတ်ကုန်ဒီဇိုင်းတစ်ခုအပေါ် သုံးစွဲသူများက နှစ်သက်လက်ခံခြင်းသည် စီးပွားရေးလုပ်ငန်း၏ အောင်မြင်မှုပုံရိပ်ကို များစွာသက်ရောက်စေသည်ကို လေ့လာတွေ့ရှိနိုင်သည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံ Apple ကုမ္ပဏီမှ ဖန်တီးသော Apple AirPods များသည် ခေတ်မီနည်းပညာနှင့် ဒီဇိုင်းဆန်းသစ်မှု ပေါင်းစပ်၍ သေးငယ်ပေါ့ပါးသော ကြိုးမဲ့နားကြပ်ကို ဈေးကွက်အတွင်းသို့ ချပြနိုင်ခဲ့သည့်အတွက် လုပ်ငန်းအောင်မြင်မှု များစွာရရှိခဲ့သည်။ ထို့အတူ အမေရိကန်နိုင်ငံ Tesla ကုမ္ပဏီမှ ထုတ်လုပ်သော လျှပ်စစ်ကားများသည် ခေတ်မီနည်းပညာများ၊ ခေတ်မီဆန်းသစ်သော ဒီဇိုင်းများနှင့် ထူးခြားကောင်းမွန်သည့် စွမ်းဆောင်နိုင်ရည်များကို ပေါင်းစပ်ထုတ်လုပ်ထားသည့်အတွက် သုံးစွဲသူများ နှစ်သက်လက်ခံသည့် ထုတ်ကုန်အသစ်တစ်ခု ဖြစ်လာခဲ့သည်။

ထိုကဲ့သို့ လုပ်ငန်းပုံရိပ် မြင့်မားတိုးတက်စေနိုင်သည့် ကိုယ်ပိုင်ဒီဇိုင်းများကို ဈေးကွက်သို့ မချပြမီ မူပိုင်ခွင့်အကာအကွယ်ရယူထားသင့်သည်။ မူပိုင်ခွင့်အကာအကွယ်ရယူထားခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်တွင် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပြီး ဈေးကွက်အတွင်း လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားမှုကို ပြုလုပ်နိုင်သည့်အပြင် ဈေးကွက်ခိုင်မာမှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ MSMEs လုပ်ငန်းများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင် ဖန်တီးထားသော ဒီဇိုင်းများကို မူပိုင်ခွင့်ဖြင့် အကာအကွယ်ရယူထားခြင်းမရှိလျှင် ပြိုင်ဘက်လုပ်ငန်းများ၏ အလွယ်တကူ ပုံတူကူးယူ အသုံးပြုခြင်းကို မဟန့်တားနိုင်သဖြင့် စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာနိုင်သည်။

**မူပိုင်ခွင့်အကာအကွယ်ရယူ**

ရှေးဦးစွာ မူပိုင်ခွင့်အကာအကွယ်ရယူထားလျှင် မိမိ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူများက စီးပွားဖြစ်အသုံးပြုခြင်းကို ဥပဒေကြောင်းအရ ထိရောက်စွာ ဟန့်တားနိုင်မည်ဖြစ်သည်။ ဒီဇိုင်းပိုင်ရှင်အနေဖြင့် မှတ်ပုံတင်ထားသော မိမိ၏ဒီဇိုင်းအား ခွင့်ပြုချက်မရှိဘဲ ကူးယူခြင်း သို့မဟုတ် တုပခြင်းအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်တားဆီးနိုင်သည့်အတွက် စီးပွားရေးဈေးကွက်ချဲ့ထွင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအားထည့်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ၎င်းအပြင် မူပိုင်ခွင့်ပိုင်ရှင်အနေဖြင့် မိမိ၏ကိုယ်ပိုင်ဒီဇိုင်းကို အခြားသူများအား အခကြေးငွေဖြင့် အသုံးပြုခွင့်ပေးသဖြင့် လုပ်ငန်း၏ ဝင်ငွေတိုးမြှင့်ရရှိလာနိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့် ဆန်းသစ်တီထွင်ဖန်တီးထားသော ဒီဇိုင်းများသည် စီးပွားရေးတိုးတက်မှုကို တွန်းအားပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ခေတ်မီတိုးတက်သော နည်းပညာများနှင့် စိတ်ကူးကြံစည်မှု အနုပညာဖန်တီးမှုများကို ပေါင်းစပ်ဖန်တီးခြင်းဖြင့် ထုတ်ကုန်ဒီဇိုင်းများသည် အစဉ်အမြဲဆန်းသစ်နေမည်ဖြစ်ပြီး အခြားသော ထုတ်ကုန်များနှင့်လည်း ကွဲပြားခြားနားမှုကို ဖြစ်စေသည်။ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရာတွင် ထုတ်ကုန်ဒီဇိုင်းများ မြှင့်တင်ဆောင်ရွက်ခြင်းကို ဗျူဟာမြောက်အသုံးပြုနိုင်ပါက အနာဂတ်တွင် အောင်မြင်သော စီးပွားရေးလမ်းကြောင်းပေါ်သို့ တွန်းပို့ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဤလုပ်ငန်းစဉ်များကို မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

**❖ ခေတ်မီတိုးတက်သော နည်းပညာများနှင့် စိတ်ကူးကြံစည်မှု အနုပညာဖန်တီးမှုများကို ပေါင်းစပ်ဖန်တီးခြင်းဖြင့် ထုတ်ကုန်ဒီဇိုင်းများသည် အစဉ်အမြဲ ဆန်းသစ်နေမည်ဖြစ်ပြီး အခြားသောထုတ်ကုန်များနှင့်လည်း ကွဲပြားခြားနားမှုကို ဖြစ်စေ**

**❖ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရာတွင် ထုတ်ကုန်ဒီဇိုင်းများ မြှင့်တင်ဆောင်ရွက်ခြင်းကို ဗျူဟာမြောက်အသုံးပြုနိုင်ပါက အနာဂတ်တွင် အောင်မြင်သော စီးပွားရေးလမ်းကြောင်းပေါ်သို့ တွန်းပို့ပေးနိုင်မည်**

## လှည်းကူးမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**လှည်းကူး မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ပြောင်းရွှေ့ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ



ဦးရဲထွန်းနောင်နှင့် တာဝန်ရှိသူများက မတ် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ထောက်ပံ့ငွေများ ပေးအပ်သည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာပြီး လှည်းကူးမြို့နယ်သို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူ ၃၁၃၇ ဦးအား အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးလစာအတွက် တစ်ဦးလျှင် တစ်လကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် တာဝန်ရှိသူများက ပြည်သူလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(လှည်းကူး)**

## အလုံမြို့နယ်၌ စုံရက်/မရက်ခွဲခြား၍ မော်တော်ယာဉ်မောင်းနှင်သည့်စနစ်အား အသိပညာပေး

**အလုံ မတ် ၈**

အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းနှင့် နှင်းဆီလမ်းထောင့်တွင် စုံရက်၊ မရက် ခွဲခြား၍ မော်တော်ယာဉ်မောင်းနှင်သည့် စနစ်အား အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။




"စုံ" ရက်၊ "မ" ရက် ခွဲခြား၍ မော်တော်ယာဉ် မောင်းနှင်သည့် စနစ်ကို အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးပြည့်စုံ၊ ယာဉ်ထိန်းရုံးမှ ရဲအုပ်ဇော်လင်းထက်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**တောင်ကြီး မတ် ၈**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုနှင့် တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် အမျိုးသမီးကော်မတီနှင့် ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံးတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် အဆင့်မြင့် စက်ချုပ်သင်တန်းတွင် ဆုရရှိခဲ့သူ သုံးဦးအား ဆုများ ပေးအပ်ချီးမြှင့်ပြီး ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် AFC WOMEN`S FOOTBALL DAY 2026ဘောလုံးအားကစားပွဲတော်သို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့က အားကစားသမားများအား လိုက်လံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက အားကစားကွင်းအတွင်းသို့ ဘောလုံးများ ကန်သွင်း၍ ပွဲတော်ကို စတင်ဖွင့်လှစ်ပေးပြီး အားကစားသမားများ ဘောလုံးလေ့ကျင့်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ဒိုင်လူကြီးသင်တန်း (၁/၂၀၂၆)နှင့် ဒိုင်ကြီးကြပ်သင်တန်း (၁/၂၀၂၆) သင်တန်းဖွင့်လှစ်သင်ကြားနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းဥပဒေ ပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်းရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်းနှင့် ဓာတ်အားစနစ်ပြတ်တောက်မှု(Line Fault and System Breakdown)မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး၊ အဆိုပါ ဓာတ်အားအတွက် ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက် အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့တင်ပြလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ် မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသော အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံးအမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက် သတ်မှတ်နှုန်း) ဖြင့် ပြင်ဆင်ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထား သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | သုံးစွဲယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား**<br>[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/သာသနာအဆောက်အအုံ]<br>**မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** | ၁ မှ ၅၀ ယူနစ်အထိ<br>၅၁ မှ ၁၀၀ ယူနစ်အထိ<br>၁၀၁ မှ ၂၀၀ ယူနစ်အထိ<br>၂၀၁ ယူနစ်နှင့် အထက် | ၅၀<br>၁၀၀<br>၁၅၀<br>၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား**<br>[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံး ဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ]<br>**မှတ်ချက်။**<br>**(၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။**<br>**(၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှု နိုင်နင်းခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက် မှု( Load Shed) ရှိနိုင်ပါသည်။**<br>**(၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/ စီးပွားရေးလုပ်ငန်းများက ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။** | ၁ မှ ၅,၀၀၀ ယူနစ်အထိ<br>၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်အထိ<br>၂၀,၀၀၁ယူနစ်နှင့်အထက် | ၂၅၀<br>၄၀၀<br>၅၀၀ |
| (ဂ) | သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အားရယူထားပြီး ဓာတ်အားဖြတ်တောက်မှု မရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ အမျိုးအစား | ၁ ယူနစ်နှင့်အထက် | ၉၀၀ |

၆။ ဤလျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အရှေ့အလယ်ပိုင်းမှ ဂျပန်နိုင်ငံသားများအား ကူညီရွှေ့ပြောင်းပေးနိုင်ရန် သယ်ယူပို့ဆောင်ရေးလေယာဉ် မော်လ်ဒိုက်သို့ အက်စ်ဒီအက်ဖ်စေလွှတ်

တိုကျို မတ် ၈

**အရှေ့အလယ်ပိုင်းမှ ဂျပန်နိုင်ငံသားများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းနိုင်ရေးအတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (အက်စ်ဒီအက်ဖ်) ၏ သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းကို မော်လ်ဒိုက်နိုင်ငံသို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

ဝေဟင်တွင် ဆီဖြည့်နိုင်သည့် သယ်ယူပို့ဆောင်ရေး လေယာဉ်သည် အရှေ့အလယ်ပိုင်းတွင် ပဋိပက္ခဖြစ်ပွားသည့် ဒေသများမှ ဂျပန်ကမ္ဘာလှည့်ခရီးသွားများနှင့် နိုင်ငံသားများကို နေရပ်ပြန်လည်ပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုအိဇူမိရှင်ဂျီရိုသည် မတ် ၆ ရက်တွင် မော်လ်ဒိုက်နိုင်ငံသို့ လေယာဉ်တစ်စင်းစေလွှတ်ရန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို အမိန့်ညွှန်ကြားပြီးနောက် အဆိုပါ လေယာဉ်စေလွှတ်မှုထွက်ပေါ်လာခြင်းဖြစ်သည်။

သယ်ယူပို့ဆောင်ရေးလေယာဉ်သည် အဲအိချိခရိုင် ကိုမာကိလေတပ်အခြေစိုက်စခန်းမှ နံနက် ၃ နာရီဝန်းကျင်တွင် ထွက်ခွာခဲ့ကြောင်း သိရသည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အခြားအစိုးရဌာနများနှင့် အနီးကပ်ပူးပေါင်းလုပ်ဆောင်ပြီး ဂျပန်နိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။ ဂျပန်စင်းလုံးငှားလေယာဉ်များသည် မတ် ၈ ရက်တွင် အိုမန်နိုင်ငံနှင့် မတ် ၉ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

အခြားသတင်းတစ်ရပ်တွင် အရှေ့အလယ်ပိုင်းတွင် သောင်တင်နေသော ဂျပန်ကမ္ဘာလှည့်ခရီးသွားများနှင့် နိုင်ငံသားများကို ကူညီပြောင်းရွှေ့ပေးရန်အတွက် ဂျပန်အစိုးရက စင်းလုံးငှားရမ်းထားသော လေယာဉ်တစ်စင်းသည် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ခရီးသည် ၁၀၇ ဦး တင်ဆောင်လာသော အဆိုပါလေယာဉ်သည် အိုမန်နိုင်ငံမှ မတ် ၈ ရက် ည ၇ ခွဲနာရီခန့်တွင် တိုကျိုမြို့အနီး နာရီတာလေဆိပ်သို့ ဆိုက်ရောက်လာခဲ့ခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ




# ကင်ညာနိုင်ငံ၌ ရေကြီးမှုကြောင့် သေဆုံးသူ ၂၈ ဦးအထိရှိလာ

**နိုင်ရိုဘီ မတ် ၈**

ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီ၌ ညလုံးပေါက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပြီး သေဆုံးသူ ၂၈ ဦး အထိရှိလာသည်ဟု ရဲတပ်ဖွဲ့က မတ် ၈ ရက်တွင် ပြောသည်။

**ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်**

မြို့ အချို့နေရာများတွင် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ မတ် ၇ ရက် ညနေပိုင်းက သေဆုံးသူ ငါးဦးကို ထပ်မံတွေ့ရှိခဲ့သည်ဟု နိုင်ရိုဘီ ရဲမှူးဂျော့ချ်ဆီဒါ ကပြောသည်။

**မော်တော်ယာဉ်များ ရေမြုပ်**

ရေကြီးမှုကြောင့် မော်တော်ယာဉ်များ ရေမြုပ်ခဲ့ပြီး အချို့သောနေရာများတွင် ယာဉ်မောင်းများ ကုန်းမြင့်ရာနေရာသို့ ထွက်ပြေးခဲ့ရသည်။ ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေသေးသည့်အတွက် နောက်ထပ် လူသေဆုံးမှုများ တွေ့ရှိနိုင်သေးသည်ဟု ဆီဒါက ပြောသည်။

**နောက်ထပ်လူသေဆုံးမှုများရှိနိုင်**

ရေကြီးမှု ဖြစ်ပေါ်နေသည့် နေရာများနှင့်ကားပါကင်အချို့ကို ဝင်ရောက်၍ မလွယ်ကူသေးသည့်အတွက် နောက်ထပ်လူသေဆုံးမှုများ ရှိနိုင်သေးသည်ဟု ခန့်မှန်းထားသည်။

**လူပေါင်း ၃၀ ခန့် ကယ်တင်**

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးမှုကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ကာ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခြင်းနှင့် လမ်းများပိတ်ထားရပြီး ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ယခုအချိန်အထိ နေရာအနှံ့မှ လူပေါင်း ၃၀ ခန့်ကို ကယ်တင်နိုင်ခဲ့ပြီး ကူညီထောက်ပံ့မှုများ ပေးထားကြောင်း သိရသည်။

နိုင်ငံအစိတ်အပိုင်း အများစုတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ရေကြီးခြင်း၊ မြစ်ချောင်းများ ပြည့်လျှံခြင်းနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အနှောင့်အယှက်များ ဖြစ်ပေါ်စေနိုင်သည်ဟု မိုးလေဝသဌာနက သတိပေးထားခဲ့သည်။

ဆင်ဟွာ




# ပါကစ္စတန်နှင့် ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာအဖြေရှာရန် အာဖဂန်နစ္စတန် ကြိုးပမ်း

**ကဘူးလ် မတ် ၈**

အာဖဂန်နစ္စတန်နိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် ရန်လိုမှုများ အရှိန်မြင့်လာရန် ဆန္ဒမရှိကြောင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာဖြေရှင်းလိုကြောင်း အာဖဂန်နစ္စတန်ကာကွယ်ရေးဝန်ကြီး မိုဟာမက် ယာကုဘ်မူဂျာဟစ်က ပြောသည်။

ပြည်တွင်းမီဒီယာဖြစ်သည့် တိုလိုနယူးစ်နှင့် မတ် ၇ ရက်က ပြုလုပ်သည့် အင်တာဗျူးတွင် အာဖဂန်နစ္စတန်က တိုက်ပွဲများကို စတင်ခဲ့ခြင်းမဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကြားဝင်ညှိနှိုင်းစေ့စပ်ပေးသည့် နိုင်ငံများကိုပြောကြားလိုသည်မှာ အာဖဂန်နစ္စတန်သည် တိုက်ပွဲများကိုမလိုလားဘဲ စေ့စပ်ညှိနှိုင်းမှုများအပေါ် ယုံကြည်မှုရှိကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောသည်။ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့ကြား တင်းမာမှုများသည် မကြာသေးမီက ပိုမိုမြင့်တက်လာခဲ့ပြီး အကြမ်းဖက်မှုများ စတင်ခဲ့သည်ဟု နှစ်ဖက်စလုံးမှ အပြန်အလှန်စွပ်စွဲလျက်ရှိသည်။

ဆင်ဟွာ

# MH370 လေယာဉ်ရှာဖွေရေးနှင့်ပတ်သက်၍ မည်သည့်တွေ့ရှိချက်မျှ မတွေ့ရဟု မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ကြေညာ

**ကွာလာလမ်ပူ မတ် ၈**

မလေးရှားလေကြောင်းလိုင်းမှ MH370 လေယာဉ်အပျက်အစီးရှာဖွေမှုများလုပ်ဆောင်ခဲ့ရာ ရှာဖွေမှုနှင့်ပတ်သက်၍ မည်သည့်တွေ့ရှိချက်မျှမတွေ့ရကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက မတ် ၈ ရက်တွင် ကြေညာခဲ့သည်။

MH370 လေယာဉ်အပျက်အစီးများရှာဖွေမှုကို ၂၀၂၅ ခုနှစ်က ပြန်လည်စတင်ခဲ့ပြီး ဒုတိယအကျော့ ရှာဖွေမှုများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် အဆုံးသတ်ခဲ့သည်။ ရှာဖွေမှုများအတွင်း မည်သည့်တွေ့ရှိချက်မျှ မတွေ့ရှိခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်မှုဖြစ်ပွား

**တိုကျို မတ် ၈**

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း အီဝါတဲပြည်နယ်ကမ်းရိုးတန်း၌ ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသအေဂျင်စီက မတ် ၈ ရက်တွင် ပြောကြားသည်။

**ငလျင်အနက် ၁၀ ကီလိုမီတာရှိ**

ဂျပန်နိုင်ငံ၌ ဒေသစံတော်ချိန် ည ၁၀ နာရီ ၁၇ မိနစ်က ငလျင်လှုပ်မှုဖြစ်ပွားခဲ့ပြီး ငလျင်အနက်မှာ ၁၀ ကီလိုမီတာရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ဆင်ဟွာ

# ပီရူးနိုင်ငံ၌ နိုက်ကလပ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ ၃၁ ဦးထက်မနည်း ဒဏ်ရာရရှိ

**လီမာ မတ် ၈**

ပီရူးနိုင်ငံမြောက်ပိုင်း လာလီဘာ့တဒ်ဒေသ၌ မတ် ၇ ရက်အစောပိုင်းက နိုက်ကလပ်တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားရာ ၃၁ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း သိရသည်။

ပီရူးနိုင်ငံ ဗစ်တာလာကိုဟာရီရာခရိုင် ထရူဂျီလိုရှိ နိုက်ကလပ်တစ်ခုအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးကုသမှုခံယူရန် ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဒေသတွင်းကျန်းမာရေးအရာရှိ ဂျာရာဒိုဖလော်ရီယန်က ပြောကြားသည်။

ဆင်ဟွာ

# သီရိလင်္ကာရေတပ်က အမေရိကန်ဒေါ်လာ ၉ ဒသမ ၃ သန်းတန်ဖိုးရှိ ဘိန်းဖြူနှင့် ကိုကင်းများကို သိမ်းဆည်းရမိ

**ကိုလံဘို မတ် ၈**

သီရိလင်္ကာရေတပ်သည် မတ် ၇ ရက် ညပိုင်းက မူးယစ်ဆေးဝါးကုန်ကူးသည်ဟု သံသယရှိသဖြင့် တောင်ပိုင်းရေပြင်၌ ငါးဖမ်းရေယာဉ်ကိုတားဆီးခဲ့ရာ ဘိန်းဖြူ ၁၀၃ ကီလိုဂရမ်နှင့် ကိုကင်း ၁ ကီလိုဂရမ်ခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း ရေတပ်က မတ် ၈ ရက်တွင် ပြောကြားသည်။

**ရူပီး ၂ ဒသမ ၈ ဘီလီယံခန့်ရှိ**

ကာကွယ်ရေးဒုတိယဝန်ကြီး အာရူနာ ဂျယာဆီကာရာက မတ် ၈ ရက် နံနက်ပိုင်းတွင် အဆိုပါနေရာသို့သွားရောက်ခဲ့ပြီး သိမ်းဆည်းရမိသည့် ရေယာဉ်နှင့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးများ၏ ဖမ်းဆီးရမိမှုပမာဏမှာ ရူပီး ၂ ဒသမ ၈ ဘီလီယံခန့် (အမေရိကန် ဒေါ်လာ ၉ ဒသမ ၃ သန်းခန့်) ရှိကြောင်း ၎င်းက ပြောကြားသည်။

**ခြောက်ဦးကို ထိန်းသိမ်းထား**

အာဏာပိုင်များက သံသယရှိသူ ခြောက်ဦးကို ထိန်းသိမ်းထားပြီး ပါဝင်သူများကို ဥပဒေအရ အရေးယူသွားမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# ၂၀၂၆ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၅) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car-(AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုက် | နိုက် ထရိုဂျင် ဒိုင် အောက် ဆိုက် | အိုဇုန်း | ကာ ဗွန် မို နောက် ဆိုက် |
| ၁ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | ခံနိုင်ရည် နည်းပါးသော သူများအတွက်သာ | လက်ခံ နိုင်သော | ကောင်းမွန် | | – | ကောင်း မွန် |
| ၄ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | ခံနိုင်ရည် နည်းပါးသော သူများ အတွက်သာ | ကောင်း မွန် |
| ၅ | ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့ | ခံနိုင်ရည် နည်းပါးသော သူများအတွက်သာ | လက်ခံ နိုင်သော | ကောင်းမွန် | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ထားဝယ်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်

**ထားဝယ် မတ် ၈**

ကျောင်းသားလူငယ်များအနေဖြင့် ကွန်ပျူတာကို အခြေခံမှ စတင်၍ ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်၍ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာ အခြေခံသင်တန်း ဖွင့်လှစ်သည်။



သင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်က နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူ လူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မျိုးဆက်သစ်လူရည်ချွန်များ ထွက်ပေါ်လာစေရန်၊ အာရုံစူးစိုက်မှတ်ဉာဏ်အားကောင်းလာစေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်လာစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းတွင် Computer Typing၊ Mouse Skill၊ English & Myan-mar Typing လက်ကွက်ကျွမ်းကျင်မှု Skill၊ About Computer System၊ Microsoft Word စသည့် ဘာသာရပ်များကို မတ် ၂၉ ရက်ထိ ကျောင်းသားလူငယ် ၄၅ ဦးအား စာတွေ့လက်တွေ့လေ့ကျင့်သင်ကြား ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၈ ရက်တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်ပြီး တပ်ဖွဲ့ဝင်များက ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့် အရာထမ်း၊ အမှုထမ်းများအား လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြစဉ်။ ခရိုင်(ပြန်/ဆက်)

## မိုင်းဖြတ်မြို့နယ်၌ နွေရာသီ အားကစားသင်တန်းများ (အခမဲ့)ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မိုင်းဖြတ် မတ် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းများကို မတ် ၅ ရက်မှစ၍ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



ထိုကဲ့သို့ အားကစားသင်တန်းများကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှအားကစားမှူး ဦးအောင်ကြည်စိုးထွေး၏ ကြီးကြပ်မှုဖြင့် နည်းပြများက နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ မြို့မအားကစားကွင်းတွင် သင်ကြားပေးလျက်ရှိရာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ မြန်မာသိုင်း၊ fitness dance စသည့်အားကစားနည်းများ ပါဝင်ပြီး သင်တန်းကို မတ် ၅ ရက်မှစ၍ ၂၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ ကျောင်းသားကျောင်းသူ ၂၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ ဆီပြတ်လပ်မှုမရှိစေရေးနှင့် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိမရှိကို မတ် ၇ ရက်တွင် စက်သုံးဆီအရောင်းဆိုင် ခြောက်ဆိုင်အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် ပူးပေါင်းအဖွဲ့က စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ညောင်ဦးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် စာစစ်ဌာန ပတ်ဝန်းကျင် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ ရဲဝင်းနိုင်(ညောင်ဦး)

ပခုက္ကူမြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး အမှတ်(၁) စည်ပင်သာယာဈေးကြီး၌ မတ် ၇ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးလှိုင်မြင့်ထွန်းနှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ ဘာမိသာ(ပခုက္ကူ)



**အိမ်ပြင်ပဌ်ထွန်းသော မီးများကို**

**နေ့အလင်းရောင်ရှိချိန်တွင်**

**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဒေါက်တာ ဒီဘိုနို၊ ဘောင်ခြောက်ခုတွေးခေါ်နည်းနှင့် သတင်းတု သတင်းမှား တိုက်ဖျက်ခြင်း

**တစ်လောက စာရေးဆရာ ဒေါက်တာ အက်ဒ်ဝပ်ဒီဘိုနို Edward de Bono ရေးသည့် စာအုပ်တစ်အုပ်ကို အီးဘုတ်ခ်အဖြစ် ဖတ်ရှုလိုက်ရသည်။ စာအုပ်အမည်က Six Frames: For Thinking about Information ဆိုသည့် စာအုပ်ဖြစ်သည်။ မြန်မာဘာသာဖြင့် "သတင်းအချက်အလက်များအကြောင်း စဉ်းစားတွေးခေါ်ရန် ဘောင် ၆ ခု" ဟု တိုက်ရိုက်ပြန်ဆိုနိုင်သည်။**


ကိုကို (စက်မှုတက္ကသိုလ်)

သူ့ကို အများက ဒီဘိုနိုဟု အတိုကောက်ခေါ်ကြသည်။ မှတ်သားကြသည်။ ဆရာကြီး ဒီဘိုနို၏ စာအုပ်များက မြန်မာပရိသတ်များအတွက် ရင်းနှီးပြီးသားဖြစ်သည်။ ဆရာကြီး ဒီဘိုနို၏ Six Thinking Hat ကို ဦးထုပ်ခြောက်လုံး တွေးခေါ်နည်းဟူ၍လည်းကောင်း၊ Six Action Shoes ကို ဖိနပ်ခြောက်ရန် ဆောင်ရွက်နည်းဟူ၍လည်းကောင်း ဆရာမြတ်ငြိမ်းက ဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဆရာမြတ်ငြိမ်းသာဆိုလျှင် ယခုစာအုပ်ကို **"သတင်းအချက်အလက်အတွက် ဘောင်ခြောက်ခုတွေးခေါ်နည်း"** ဟု ဘာသာပြန်မည်လားမသိ။




ကမ္ဘာကျော်တွေးခေါ်ပညာရှင် ဆရာကြီး ဒေါက်တာ Edward de Bono ရေးသားခဲ့သော အဆိုပါ "Six Frames: For Thinking about Information" စာအုပ်ကို ၂၀၀၈ ခုနှစ်တွင် Vermilion စာအုပ်တိုက်မှ စတင်ထုတ်ဝေခဲ့ပါသည်။ ဆရာကြီး ဒီဘိုနိုသည် တီထွင်ကြံဆတွေးခေါ်နည်းနှင့် ဖြန့်ထွက်တွေးခေါ်နည်းနယ်ပယ်တွင် ရှေ့ဆောင်လမ်းပြအဖြစ် ကမ္ဘာက အသိအမှတ်ပြုထားသူ ပညာရှင်ကြီးလည်း ဖြစ်သည်။

သူသည် **"လူသားတို့၏ ဦးနှောက်အတွက် ဆော့ဖ်ဝဲလ်ရေးသားပေးသူ"** အဖြစ် တင်စားခံရသူဖြစ်သည်။ သူ၏ တွေးခေါ်မှုပညာရပ်များကို IBM၊ Microsoft၊ Nokia၊ Siemens ကဲ့သို့သော ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးများက အသုံးပြုကြပြီး ထိပ်တန်းအတိုင်ပင်ခံကုမ္ပဏီကြီးဖြစ်သော Accenture က သူ့ကို မျက်မှောက်ခေတ် လွှမ်းမိုးမှုအရှိဆုံး စီးပွားရေး အတွေးအခေါ်ပညာရှင် ၅၀ စာရင်းတွင် ထည့်သွင်းခဲ့ပါသည်။ တောင်အာဖရိကပညာရှင်များအဖွဲ့ကလည်း လူသားသမိုင်းတစ်လျှောက် လွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ် ၂၅၀ တွင် သူ့ကို ထည့်သွင်းခဲ့ပါသည်။




### အချိန်ကာလကို ကျော်လွန်၍ အသုံးဝင်ဆဲဖြစ်သော ဘောင်ခြောက်ခု တွေးခေါ်မှု

ဤမျှ နိဒါန်းရှည်ရှည်ပျိုးနေရခြင်းမှာ အကြောင်းရှိပါသည်။ ဆရာကြီးဒီဘိုနို၏ လွန်ခဲ့သော ၁၈ နှစ်က စာအုပ်သည် ယခုမျက်မှောက်သတင်းအချက်အလက် ထွေပြား၊ ဝေဝါးများပြားနေသောခေတ်၊ တစ်နည်းအားဖြင့်ဆိုရလျှင် သတင်းအချက်အလက်များဖြင့် ပိနေသော မျက်မှောက်လူသားများအတွက် အမှောင်ထဲမှ အလင်းတစ်စကဲ့သို့ အားထားစရာဖြစ်သည်သာမက စာအုပ်ပါ ဘောင်ခြောက်ခုတွေးခေါ်မှုမှာ လက်တွေ့တွင် လွန်စွာအသုံးကျနေသောကြောင့် ဖြစ်ပါသည်။

မျက်မှောက်လူသားများသည် သတင်းအချက်အလက်ခေတ်တွင် နေထိုင်နေကြပြီး သတင်းအချက်အလက်များကို လိုအပ်သည်ထက် အလွန်အမင်း လွယ်ကူစွာရရှိနေကြသည်။ သတင်းအချက်အလက်များကို ကွန်ပျူတာများအတွင်း ထည့်သွင်းကာ ခွဲခြမ်းစိတ်ဖြာခိုင်းသည့် အလေ့အထ ထွန်းကားလာခဲ့သော်လည်း ဤသည်မှာ စိတ်မချရသော အလေ့အထတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကွန်ပျူတာများက သတင်းတစ်ခု၏ တိကျမှန်ကန်မှု၊ စိတ်ဝင်စားမှု၊ ဘက်မလိုက်မှုနှင့် တန်ဖိုးတို့ကို ကောင်းစွာအကဲဖြတ်မပေးနိုင်ဘဲ လူသားတို့၏ တွေးခေါ်မှုဖြင့်သာလျှင် ထိရောက်စွာ လုပ်ဆောင်နိုင်သော ကိစ္စရပ်ဖြစ်နေသည်။

ယခုစာအုပ်တွင် စာရေးဆရာကြီး ဒီဘိုနိုက "Truth Paste" ဟူသော ဝေါဟာရတစ်ခုကို မိတ်ဆက်တင်စားသုံးနှုန်းထားသည်။ ဆိုလိုသည်မှာ အမှန်တရားကဲ့သို့ ထင်ရအောင် ဖန်တီးထားခြင်းဟူသော အယူအဆဖြစ်ပြီး ယနေ့ခေတ် သတင်းတုဖြန့်ဝေသူများသည် ဤလှည့်ကွက်ကို အဓိက အသုံးပြုနေကြသည်။ အရာရာကို ချဲ့ကားရေးသားခြင်း၊ "အတ္တကြီးသော" "ကြောက်မက်ဖွယ်ကောင်းသော" စသည့် နာမဝိသေသနများကို အလွန်အကျွံ အသုံးပြုခြင်းတို့မှာ သတင်းအချက်အလက်မဟုတ်ဘဲ ရေးသားသူ၏ ထင်မြင်ချက်များသာဖြစ်သည်ဟု ဆရာကြီး ဒီဘိုနိုက ရေးသားသည်။

ထိုအခြင်းအရာများကို သတိပြုမိရန်နှင့် မျက်မှောက်ခေတ်အကြီးမားဆုံးစိန်ခေါ်မှုထဲမှ တစ်ခုဖြစ်သော သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးအတွက် ဒီဘိုနို၏ ဘောင်ခြောက်ခုကို အောက်ပါအတိုင်း အသုံးချနိုင်ပါသည်-

"စိန်ကို လူသားများက တန်ဖိုးမြင့်မားစွာထားကြသည်။ ထို့ကြောင့်ပင် စိန်ပွင့်ဘောင်သည် တန်ဖိုးကို ကိုယ်စားပြုသော သင်္ကေတဖြစ်လာသည်။ ဤသတင်းက မိမိအတွက် သို့မဟုတ် လူ့အဖွဲ့အစည်းအတွက် မည်သို့သော စစ်မှန်သည့် အကျိုးကျေးဇူးကို ပေးစွမ်းနိုင်သနည်းဆိုသည်ကို ဆန်းစစ်ရမည်။ သတင်း၏ တန်ဖိုးကဘာလဲ။ ဒီသတင်းက မိမိ၏လိုအပ်ချက်များနှင့် မေးခွန်းများကို ဖြေပေးနိုင်သလား။ ဘယ်လိုတန်ဖိုးမျိုးလဲ။ တန်ဖိုးဘယ်လောက်ရှိသလဲ။ သတင်းတုအများစုသည် ဖတ်လိုက်လျှင် စိတ်လှုပ်ရှားစရာကောင်းသော်လည်း လက်တွေ့တွင် တန်ဖိုးအစစ်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိတတ်ပါ။ မိမိယုံကြည်ထားသည်ကို ထောက်ခံပေးရုံသက်သက်သာ ဖြစ်နေတတ်သည်ကို သတိပြုသင့်"

### သတင်းများကို ဘောင်ခြောက်ခုဖြင့် ခွဲခြမ်းစိတ်ဖြာခြင်း

**၁။ တြိဂံဘောင် (The Triangle Frame)**

ပထမဆုံးဘောင်မှာ တြိဂံဘောင်ဖြစ်သည်။ စာရေးဆရာက တြိဂံသည် မြားခေါင်းတစ်ခုနှင့် တူသဖြင့် ရည်ရွယ်ချက်ကို ကိုယ်စားပြုသည်ဟု ဆိုသည်။ သတင်းတစ်ခုကို မြင်တွေ့ဖတ်ရှုလိုက်ရသည့်အခါ "ဤသတင်းကို မည်သည့်ရည်ရွယ်ချက်ဖြင့် ဖြန့်ဝေနေသနည်း" ကို ပထမဆုံး စဉ်းစားရမည်ဟူသည့် တွေးခေါ်မှုဖြစ်သည်။ ဤသတင်းက ဘာကိုပြောချင်တာလဲ (What)။ ဘာဖြစ်လို့ ဒီသတင်းလိုအပ်ရသလဲ၊ ဘာကြောင့် တန်ဖိုးရှိတာလဲ။ ဘာကြောင့် သက်ရောက်မှုရှိတာလဲ (Why)။ ဤသတင်းအချက်အလက်ကို ဘယ်နေရာမှာ ရှာဖွေသင့်သလဲ၊ ရှာဖွေနေသည့်နေရာ မှန်ကန်ရဲ့လား (Where)။

သတင်းတုအများစုသည် စာဖတ်သူကို အသိပညာပေးရန်ထက် လူထုကို ထိတ်လန့်စေရန် သို့မဟုတ် လမ်းမှားသို့ ပို့ဆောင်ရန် ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားတတ်ကြသည့်အတွက် တြိဂံဘောင်ဖြင့် ဆန်းစစ်ရာတွင် အထက်ပါ အချက်သုံးချက် လိုအပ်လာခြင်းဖြစ်သည်။

**၂။ စက်ဝိုင်းဘောင် (The Circle Frame)**

စက်ဝိုင်းသည် ပစ်မှတ်၏အလယ်ဗဟိုကို ကိုယ်စားပြုသည့်အတွက် စက်ဝိုင်းဘောင်သည် တိကျမှန်ကန်မှုကို စစ်ဆေးခြင်းကို ကိုယ်စားပြုထားသည်။ စက်ဝိုင်းဘောင်အသုံးပြုရာတွင် အောက်ပါအချက်များကို အခြေခံသင့်သည်ဟု ဆရာကြီး ဒီဘိုနိုက အကြံပြုထားသည်-

ခိုင်မာမှု/အခွင့်ရှိမှု (Authority)- ဤသတင်းကို ရေးသားသူသည် ယုံကြည်ရသော အဖွဲ့အစည်း သို့မဟုတ် ပညာရှင်ဟုတ်သလား။ သူသည် ထိုကိစ္စနှင့် ပတ်သက်၍ ပြောဆိုနိုင်သည့်အခွင့် သို့မဟုတ် ဆက်နွယ်သက်ဆိုင်မှုရှိပါသလား။

တိုက်ဆိုင်စစ်ဆေးခြင်း (Comparative Accuracy)- အခြားခိုင်မာသော သတင်းဌာနများနှင့် နှိုင်းယှဉ်စစ်ဆေးကြည့်ရန် လိုအပ်သည်။

သံသယများ (Doubts)- ထို့အပြင် ရရှိသော သတင်းအချက်အလက်များကိုယ်၌က သံသယဖြစ်စရာ အချက်အလက်တွေပါဝင်နေသလား မေးခွန်းထုတ်ရမည်။

**၃။ စတုရန်းဘောင် (The Square Frame)**

စတုရန်းတစ်ခုတွင် အနားလေးဖက်လုံး ညီမျှသည်။ စတုရန်းသည် ဘက်အသီးသီးမှ ပြဿနာကို ချဉ်းကပ်ရမည့်သဘောလည်းဖြစ်သည်။ စတုရန်းဘောင်သည် ရှုထောင့်အမြင်ကို ကိုယ်စားပြုထားသည်။ သို့သော် သတင်းတိုင်းသည် ထိုသို့ အဘက်ဘက်မှ မျှတစွာ ရေးသားထားခြင်းမျိုးမရှိနိုင်ပါ။ သတင်းအချက်များက ဘက်လိုက်မှု အတိုင်းအတာဘယ်လောက်ရှိနေသလဲ၊ သို့မဟုတ် မျှတမှုရှိသလားဆိုသည်ကို စတုရန်းဘောင်ဖြင့် ဆန်းစစ်ခိုင်းခြင်းဖြစ်သည်။

ဘက်လိုက်မှု (Bias)- သတင်းတစ်ခုသည် ကြော်ငြာတစ်ခုကဲ့သို့ တစ်ဖက်သတ် ဆွဲဆောင်လိုသော ရည်ရွယ်ချက်ရှိနေသလားဆိုသည်ကို သတိပြုရမည်။ ဘက်လိုက်မှုကို သတင်းတွင် ရှာဖွေဖော်ထုတ်ရမည်။

နာမဝိသေသနများ (Adjectives)- စကားလုံးအသုံးအနှုန်းများတွင် နာမဝိသေသန အများစုသည် ရေးသားသူ၏ ကိုယ်ပိုင်အမြင်များ ဖြစ်နေတတ်သည်။ ထိုအခါ သတင်းသည် အချက်အလက်မဟုတ်တော့ဘဲ အမြင် (Opinion) သာ ဖြစ်နေတတ်သည်ကို သတိပြုရမည်။

**၄။ အသည်းနှလုံးဘောင် (The Heart Frame)**

အသည်းနှလုံးဟု ဆိုလိုက်သည်နှင့် အသည်းနှလုံးပိုင်ဆိုင်သည့် မည်သူမဆို အကြီးအကျယ် စိတ်ဝင်စားကြသည်။ ထို့ကြောင့်ပင် ဤစာအုပ်ထဲ၌ အသည်းနှလုံးကို စိတ်ဝင်စားမှု၏ သင်္ကေတအဖြစ် ကိုယ်စားပြုထားသည်။

စိတ်ဝင်စားမှုဆိုသည့် သဘောကိုက ဆွဲဆောင်မှုနှင့် နှစ်သက်စေမှုတွေရှိသည်။ စိတ်ဝင်စားမှုကိုလည်း ယေဘုယျဆန်ဆန်စိတ်ဝင်စားမှုနှင့် အထူးသီးသန့်စိတ်ဝင်စားမှုများဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

သတင်းတု၊ သတင်းမှားများသည် လူတို့၏ စိတ်ဝင်စားမှုကို အလွယ်တကူရရှိစေရန် အံ့သြစရာ၊ ထိတ်လန့်စရာ သတင်းခေါင်းစဉ်များဖြင့် အမြဲဖန်တီးလေ့ရှိသည်။

သတင်းတစ်ခုက မိမိ၏ စိတ်ခံစားချက်ကို အလွန်အမင်း လှုံ့ဆော်ပေးနေပြီဆိုလျှင် "ယင်းက ငါ့ကိုစိတ်လှုပ်ရှားအောင်သက်သက် ပြုလုပ်ထားခြင်းလား" ဟု မေးခွန်းထုတ်ရန် လိုအပ်သည်။

*စာမျက်နှာ ၁၇ သို့*

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းအတွင်းရှိ ဘီလိယက်နှင့် စနူကာအားကစားခန်းမ ပန္နက်တင်မင်္ဂလာအခမ်းအနားတက်ရောက်

**ပုသိမ် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းအတွင်းရှိ ဘီလိယက်နှင့် စနူကာ အားကစားခန်းမ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ အားကစားခန်းမဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မင်္ဂလာပန္နက်တင်မည့် သတ်မှတ်နေရာများတွင်နေရာယူကြပြီး မင်္ဂလာအချိန်ရောက်ရှိသည်နှင့် ပန္နက်တင်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။**(အောက်ပုံ)**



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားသို့တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့နိုင်ငံအသီးသီး၌နေထိုင်ကြသည့် အမျိုးသမီးများအားလုံးအတွက် အခွင့်အရေးမြှင့်တင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကျား၊ မ တန်းတူညီမျှမှုမြှင့်တင်ပေးခြင်းတို့ကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်ကာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်စဉ် မတ် ၈ ရက်ရောက်တိုင်း ဆောင်ပုဒ်များသတ်မှတ်ပေးကာ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာနှင့်အဝန်း ကျင်းပခဲ့ကြကြောင်း။

အမျိုးသမီးများ၏ အခွင့်အရေးများကို ဖော်ထုတ်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကို မြှင့်တင်အသိအမှတ်ပြုပေးခြင်းတို့သည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာဗီဒီယိုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးပို့သော အသိပညာပေး မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင် ရှစ်ခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့တို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်း၊ ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်တို့မှ ထွက်ရှိသော အမျိုးသမီးများ၏ လက်မှုထုတ်ကုန်ပစ္စည်းများ၊ ပုသိမ်မြို့နှင့်ဖျာပုံမြို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၏ လက်မှုပစ္စည်းများ၊ ကရင်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က လက်မှုထုတ်ကုန်များအား ကြည့်ရှုအားပေးသည်။

ထို့နောက် ပုသိမ်မြို့ ကမ္ဘာအေးကျောင်းပရိယတ္တိစာသင်တိုက်၌ကျင်းပသည့် ဂုဏဝိသိဋ္ဌထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲသို့တက်ရောက်ရာ ကမ္ဘာအေးကျောင်းပရိယတ္တိစာသင်တိုက်၏ တိုက်အုပ်စာချကထိက ဘဒ္ဒန္တခန္တိဗလအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်ဆရာတော်အရှင်သူမြတ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကြံခင်းမြို့ ပိန္နဲကွင်းကျောင်း ပဓာနမဟာနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အကျိုးတော်ဆောင်) ဘဒ္ဒန္တဇောတိသာရ (ကြံခင်း)ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်အရှင်သူမြတ်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်တန်းစာစစ်ဌာနပြုလုပ်မည့် အခြေခံပညာအထက်တန်းကျောင်းများ၌ မီးဘေးကာကွယ်ရေးစစ်ဆေး

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ တက္ကသိုလ်ဝင်တန်းစာစစ်ဌာနပြုလုပ်မည့် အခြေခံပညာအထက်တန်းကျောင်းများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ် ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ မြောက်ဥက္ကလာပမြို့နယ်တွင်၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတို့တွင် စာစစ်ဌာနများရှိ စာမေးပွဲဖြေဆိုမည့် စာဖြေခန်းများ၌ မီးဘေးလုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



*စာမျက်နှာ ၁၆ မှ*

**၅။ စိန်ပွင့်ဘောင် (The Diamond Frame)**

စိန်ကို လူသားများက တန်ဖိုးမြင့်မားစွာထားကြသည်။ ထို့ကြောင့်ပင် စိန်ပွင့်ဘောင်သည် တန်ဖိုးကို ကိုယ်စားပြုသော သင်္ကေတဖြစ်လာသည်။ ဤသတင်းက မိမိအတွက် သို့မဟုတ် လူ့အဖွဲ့အစည်းအတွက် မည်သို့သော စစ်မှန်သည့် အကျိုးကျေးဇူးကို ပေးစွမ်းနိုင်သနည်းဆိုသည်ကို ဆန်းစစ်ရမည်။ သတင်း၏တန်ဖိုးကဘာလဲ။ ဒီသတင်းက မိမိ၏လိုအပ်ချက်များနှင့် မေးခွန်းများကို ဖြေပေးနိုင်သလား။ ဘယ်လိုတန်ဖိုးမျိုးလဲ။ တန်ဖိုးဘယ်လောက်ရှိသလဲ။ သတင်းတုအများစုသည် ဖတ်လိုက်လျှင် စိတ်လှုပ်ရှားစရာကောင်းသော်လည်း လက်တွေ့တွင် တန်ဖိုးအစစ်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိတတ်ပါ။ မိမိယုံကြည်ထားသည်ကို ထောက်ခံပေးရုံသက်သက်သာ ဖြစ်နေတတ်သည်ကို သတိပြုသင့်သည်။

**၆။ ခုံပြားဘောင် (The Slab Frame)**

နောက်ဆုံးအဆင့်မှာ ခုံပြား(Slab) ပေါ် ဘာတွေနေရာချရမလဲ။ ရလဒ်ကဘာလဲ။ အဆုံးသတ်ကဘာလဲ။ အခင်းပြားသည် ပလက်ဖောင်းသဘောဖြစ်သည်။ ဤစာအုပ်တွင် အခင်းပြားဘောင်ကို ရလဒ်အဖြစ် သင်္ကေတပြုထားသည်။ နောက်ဆုံးအဆင့်တွင် အရာအားလုံးကို ခုံပြားပေါ်တင်၍ ပွင့်လင်းမြင်သာစွာ ရလဒ်ထုတ်ခြင်းဖြစ်သည်။ ခုံပြားဘောင်ကို ရလဒ်များနှင့် သုံးသပ်ချက်/ ကောက်ချက်များချရာတွင် အသုံးပြုသည်။

ရရှိသည့် သတင်းအချက်အလက်များက ကျေနပ်စရာကောင်းရဲ့လား။ ဘယ်လိုကျေနပ်စရာကောင်းတာလဲ။ သတင်းအချက်အလက် ထပ်လိုသေးသလား။ သတင်းအချက်တွေရဲ့ တိကျမှန်ကန်မှုကို ကျေနပ်ရဲ့လား။ ဒီသတင်းကြောင့် ဘာတွေမေးစရာပေါ်လာသလဲ။ ယင်းတို့သည် ခုံပြားဘောင်တွေးခေါ်မှုဖြင့် ဆန်းစစ်ရမည့် အချက်များဖြစ်သည်။




**နေ့စဉ်အသုံးချသင့်သည့် သတင်းမှားစစ်ဆေးရန် ဘောင်ခြောက်ခု Checklist များ**

ဘောင်ခြောက်ခုတွေးခေါ်နည်းစာအုပ်ကိုအခြေခံ၍ မူရင်းအာဘော်နှင့် မူရင်းစာ၏ ပင်ကိုသဘောကို မပျက်ယွင်းစေဘဲ အဆိုပါဘောင်ခြောက်ခုကို သတင်းတု သတင်းမှားစစ်ဆေးရာတွင် အသုံးပြုနိုင်အောင် ဆင့်ပွားတွေးခေါ်မှုပြုလိုပါသည်။

**၁။ ရည်ရွယ်ချက် (တြိဂံဘောင်)**

ဤသတင်းသည် သတင်းအချက်အလက်ပေးရန်လား (သို့မဟုတ်) ကြောက်ရွံ့မှု၊ ဒေါသကို ဖန်တီးရန် တမင်ရည်ရွယ်ထားသလား။

**၂။ တိကျမှု (စက်ဝိုင်းဘောင်)**

သတင်းရင်းမြစ်ခိုင်မာသလား။ တရားဝင်သတင်းဌာန အခြားတစ်ခုခုတွင်ရော ဖော်ပြထားသလား။

**၃။ ရှုထောင့် (စတုရန်းဘောင်)**

သတင်းတွင် အချက်အလက်သက်သက်ကို ရေးထားတာလား၊ ခံစားချက်ပါသော စကားလုံးများ၊ စွပ်စွဲချက်များဖြင့် တစ်ဖက်သတ် သို့မဟုတ် ဘက်လိုက်ရေးသားထားသလား။

**၄။ စိတ်လှုပ်ရှားမှု (အသည်းနှလုံးဘောင်)**

ခေါင်းစဉ်က အရမ်းအံ့ဩစရာကောင်းအောင် ကလစ်ရအောင် မြှူဆွယ်ထားသလား။ မိမိ၏ စိတ်ခံစားချက်ကို တမင်ဆွပေးနေသလား။

**၅။ တန်ဖိုး (စိန်ပွင့်ဘောင်)**

သတင်းသည် လက်တွေ့အသုံးဝင်သလား။ ဒါမှမဟုတ် မိမိယုံချင်သည်များကို အတင်းထောက်ခံပေးနေသည့် သတင်းမျိုးဖြစ်နေသလား။ စိန်အစစ်လား၊ စိန်အတုလား။

**၆။ ကောက်ချက် (ခုံပြားဘောင်)**

အထက်ပါအချက်တွေကို ကြည့်ခြင်းအားဖြင့် ဤသတင်းကို ယုံကြည်သင့်သလား။ ထပ်ဆင့်မျှဝေဖို့ တကယ်သင့်တော်ရဲ့လား။

**နိဂုံး**

ဒေါက်တာ အက်ဒ်ဝပ်ဒီဘိုနို၏ ''ဘောင်ခြောက်ခု Six Frames'' တွေးခေါ်မှုမှတစ်ဆင့် ရရှိသည့် ဆင့်ပွားတွေးခေါ်မှုသည် သတင်းများ ဖတ်ရှုရာတွင် မျက်စေ့စုံမှိတ်ယုံကြည်မသွားစေရန် တားဆီးပေးသည့် ခိုင်မာသော စိတ်ပိုင်းဆိုင်ရာဆန်ခါတစ်ခု ဖြစ်လာနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးဆိုသည်မှာ ပိတ်ပင်တားဆီးမှုများ ပြုလုပ်ရုံဖြင့် မလုံလောက်ဘဲ လူတစ်ဦးချင်းစီ၏ စနစ်တကျတွေးခေါ်စဉ်းစားနိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြင့်သာ ရေရှည်အောင်မြင်နိုင်မည်ဖြစ်သည်။ အမှန်တရားလို့ထင်ရအောင် လှည့်စားဖန်တီးထားမှုများကို အလွယ်တကူ သတိပြုမိစေရန်နှင့် နေ့စဉ်စီးဆင်းနေသော သတင်းလှိုင်းလုံးကြီးများကြားတွင် လွင့်စဉ်လမ်းပျောက်မသွားဘဲ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်အတွက် ယခု "ဘောင်ခြောက်ခု" သည် ထိရောက်သည့် လက်စွဲကိရိယာတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ပါသည်။ ။

**ကိုးကား-**

**Six Frames: For Thinking about Information by Edward de Bono**

## တမူးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**တမူး မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို မတ် ၇ ရက် နံနက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာဖြေအခန်းများ ပြင်ဆင်ထားရှိမှု၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဆေးပေးခန်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်နှင့် အခွန်ဆိုင်ရာကိစ္စများ အသိပေးရှင်းလင်းဆွေးနွေး

**ထားဝယ် မတ် ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်းဆိုင်များကို ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်(CEIR)နှင့် အခွန်ဆိုင်ရာကိစ္စများ အသိပေးရှင်းလင်းဆွေးနွေးပွဲကို မတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ထားဝယ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းရွှေက ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် (Central Equipment Identity Register-CEIR)အကြောင်း သိကောင်းစရာများနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ထားဝယ်မြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်းဆိုင်များမှ တာဝန်ခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိက ပြတ်ရွေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက် ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦး နှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန် အတွက် အသိပညာပေးခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါ ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

( ခ ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

( ဂ ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

( င ) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

( ခ ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

( ဂ ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့် အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

( င ) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

( စ ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

( ခ ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

( ဂ ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

( ခ ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

( ဂ ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

( င ) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

( စ ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း) များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

( ခ ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

( ဂ ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့် အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**







## မုံရွာမြို့၌ စက်သုံးဆီဆိုင်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှုရှိစေရေးနှင့် စက်သုံးဆီပြတ်လပ်မှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

**မုံရွာ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရပ်ကွက်များအတွင်း ဖွင့်လှစ်ရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင်များ စက်သုံးဆီပြတ်လပ်မှု မဖြစ်စေရေး၊ ပုံမှန်ဖွင့်လှစ်ရောင်းချနိုင်ရေးနှင့် စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲနိုင်ရေးအတွက် ယနေ့ နံနက် ၉ နာရီက မုံရွာခရိုင် / မြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မုံရွာမြို့ရပ်ကွက်များအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီ အရောင်းဆိုင်များအား သွားရောက်ပြီး ဒေသခံပြည်သူများ စက်သုံးဆီအဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် စက်သုံးဆီပြတ်လပ်မှု မရှိစေရေးနှင့် ပုံမှန်ဖွင့်လှစ် ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေး၊ စက်သုံးဆီများ သတ်မှတ်ဈေးနှုန်းထက် မြှင့်တင်ရောင်းချခြင်း မပြုဘဲ အခြင်အတွယ် မှန်ကန်စွာ ရောင်းချနိုင်ရေး၊ နေ့ရက်အလိုက် သတ်မှတ်ထားသော ( စုံ ၊ မ ) အက္ခရာယာဉ် အမှတ်များကို သက်မှတ်ရက်အလိုက် စနစ်တကျ ရောင်းချသွားနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

**တပ်ကုန်း မတ် ၈**

နေပြည်တော် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်နှင့် (NNN)ပဲကြော်ပဲလှော်လုပ်ငန်းခွင် မီးဘေးအန္တရာယ်ကင်းဝေးရေး အသိပညာပေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းကို ယနေ့ ညနေပိုင်းက အဆိုပါလုပ်ငန်းခွင်နေရာ၌ ကျင်းပသည်။

ထိုအသိပညာပေးနှင့်သရုပ်ပြရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ပြီးနောက် (NNN)ပဲကြော်ပဲလှော်လုပ်ငန်းခွင် အတွင်း/အပြင် မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ ထားရှိမှုများကို ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်၊ Royal မန်နေဂျာ ဦးတိုးဝင်းသူတို့က ကြည့်ရှုစစ်ဆေးပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မြဝတီရပ်ကွက်ပြည်သူများနှင့် (NNN) ပဲကြော် ပဲလှော်လုပ်ငန်းမှ ဝန်ထမ်း ၄၅ ဦးတို့အား မီးသတ်ဆေးဘူးအသုံးပြု၍ အရေးပေါ်မီးငြိမ်းသတ်နည်း၊ အဝတ်စိုအသုံးပြု ဖုံးအုပ်မီးငြိမ်းသတ်နည်း၊ ဂတ်စ်မီးဖိုမီးငြိမ်းသတ်နည်းများ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် သရုပ်ပြလေ့ကျင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## တောင်ကြီးမြို့ ကျောက်နီကျေးရွာအုပ်စုရှိ ရှူးနေကြာစိုက်ပျိုးထားရှိမှုကွင်းဆင်းကြည့်ရှု

**တောင်ကြီး မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်နီကျေးရွာအုပ်စု ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းခနထွန်း လယ်ယာနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ ဆောင်းနေကြာ ရှူးမျိုး စိုက်ပျိုးထားသည့် အခြေအနေများကို မတ် ၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက (သက်တန့်ရောင်စီမံကိန်း) ရှူးနေကြာမျိုး စိုက်ပျိုးထားရှိသည့် အသင်းသားများအား အပင်၏ အသက်ရက်အလိုက် ကျွေးရမည့်အစာ အာဟာရများ အချိုးကျ အချိန်ကိုက်ကျွေးရန်၊ ပိုးမွှားရောဂါ မကျရောက်စေရေးလိုအပ်သည်များကြိုတင်ဆောင်ရွက်ရန်၊ ရာသီကုန်ချိန်တွင် သတ်မှတ်အထွက်နှုန်း ရရှိရေး ဦးတည်ကြိုးပမ်းကြပ်မတ် ဆောင်ရွက်သွားကြရန်နှင့် အသင်းမှလိုအပ်လျက်ရှိသော ငွေကြေး၊ အရင်းအနှီး၊ နည်းပညာများ ရရှိစေရေးအတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးနည်းပညာရှင်များ၊ မြို့နယ်သမဝါယမအသင်းစုများနှင့် ပေါင်းစပ်ညှိနှိုင်းပေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(သ/မ)**



မိုးကုတ်မြို့နယ် ပတ္တမြားဈေး၌ မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် မတ် ၇ ရက်က ဒုတိယဗိုလ်မှူးကြီး သက်ထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဈေးသူဈေးသားများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်မိုးနှင့်တပ်ဖွဲ့ဝင်များက ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြစဉ်။

မြို့နယ်(ပြန်/ဆက်)

## ညောင်တုန်းမြို့နယ်၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အသိပညာဖြန့်ဝေ

**ညောင်တုန်း မတ် ၈**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၃) ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာနရုံးရှေ့၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်က စားသုံးသူ အခွင့်အရေးများကို ပိုမိုသိရှိ နားလည်လာစေရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကို လူထုကြား ပျံ့နှံ့စေရန် ရည်ရွယ်၍ ယခုကဲ့သို့ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် "ထုတ်ကုန်ဘေးကင်း လုံခြုံမှု ယုံကြည်စိတ်ချ စားသုံးသူဘဝ" ဗီနိုင်းဆိုင်းဘုတ်အား အမွှေးနံ့သာများ ပက်ဖျန်းဖွင့်လှစ်ခြင်းနှင့် "ကုန်အညွှန်း အမှတ်အသားပြည့်စုံမှ စိတ်ချယုံကြည်စားသုံးကြ" စားသုံးသူဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Gender (လိင်သဘာဝ) များအကြောင်း အသေးစိတ်ဆက်လက်ဖော်ပြပေးသွားပြီး ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about opinion–II (ထင်မြင်ယူဆချက်တွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်တွေ၊ နမူနာဝါကျတွေ၊ စကားပြောတွေနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရ ပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့သာမက နမူနာဝါကျတွေနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

Forming Nouns (နာမ်ဖွဲ့စည်းပုံ) အဆက် Exercise (1)မှအဖြေများ

(1) beauty
(2) Honesty
(3) permission
(4) depth
(5) seat
(6) failure
(7) deed
(8) speech
(9) behaviour
(10) weight

Exercise (2) မှအဖြေများ

1. sale
2. sharing
3. death
4. safety
5. Curiosity
6. beauty
7. collecting
8. sickness
9. loss
10 sight/illness

Gender (လိင်သဘာဝ) အဆက်

| | | |
|---|---|---|
| (13) | fox | vixen |
| (14) | gander | goose |
| (15) | gentleman | lady |
| (16) | governor | matron |
| (17) | hero | heroine |
| (18) | husband | wife |
| (19) | king | queen |
| (20) | lad | lass |
| (21) | lord | lady |
| (22) | lover | sweetheart |
| (23) | man | woman |
| (24) | monk | nun |
| (25) | nephew | niece |
| (26) | papa | mama |
| (27) | proprietor | proprietrix |
| (28) | sir | madam |
| (29) | son | daughter |
| (30) | stag | hind |
| (31) | stallion | mare |
| (32) | sultan | sultana |
| (33) | uncle | aunt |
| (34) | widower | widow |
| (35) | wizard | witch |
| II. (1) | abbot | abbess |
| (2) | author | authoress |
| (3) | baron | baroness |
| (4) | conductor | conductress |
| (5) | count | countess |
| (6) | deacon | deaconess |
| (7) | giant | giantess |
| (8) | god | goddess |
| (9) | heir | heiress |
| (10) | host | hostess |
| (11) | Jew | Jewess |
| (12) | lion | lioness |
| (13) | manager | manageress |
| (14) | marquis | marchioness |
| (15) | priest | priestess |
| (16) | prophet | prophetess |
| (17) | patron | patroness |
| (18) | shepherd | shepherdess |
| (19) | sorcerer | sorceress |
| (20) | steward | stewardess |
| III. (1) | actor | actress |
| (2) | conductor | conductress |
| (3) | duke | duchess |
| (4) | emperor | empress |
| (5) | enchanter | enchantress |
| (6) | hunter | huntress |
| (7) | instructor | instructress |
| (8) | master | mistress |
| (9) | mayor | mayoress |
| (10) | murderer | murderess |
| (11) | Negro | Negress |
| (12) | ogre | ogress |
| (13) | peer | peeress |
| (14) | poet | poetess |
| (15) | prince | princess |
| (16) | tailor | tailoress |
| (17) | tiger | tigress |

## VOCABULARY ENRICHMENT PROGRAMME

- **to have a bee in one's bonnet = (ဒါချည်းပဲ တစ်ချိန်လုံး တွေးသည်။ ပြောသည်။)**
  Our teacher **has a bee in his bonnet** about pronunciation.
  ငါတို့ဆရာက အသံထွက်အကြောင်း တစ်ချိန်လုံး ပြောနေခဲ့တယ်။
- **to talk about one's back (အတင်းပြောသည်။)**
  We've taught our kids that it's impossible **to talk about people behind their backs.**
  အတင်းပြောတာ မကောင်းဘူးဆိုတာ/ မဖြစ်သင့်ဘူးဆိုတာ ငါတို့ကလေးတွေကို သင်ပေးခဲ့ပြီးပြီ။
- **to bell the cat (ခက်ခဲသည့်အလုပ်၊ အန္တရာယ်ရှိသည့် အလုပ်ကို စွန့်စွန့်စားစားလုပ်သည်။)**
  Someone has to tell the teacher that her own son started the fire, but who will **bell the cat?**
  သူ(မ)ရဲ့သားက မီးလောင်မှုကိုဖြစ်စေခဲ့တယ်ဆိုတာ တစ်ယောက်ယောက်က ဆရာမကို ပြောရမယ်။ ဒါပေမယ့် ဘယ်သူက ဒါကို လုပ်ရဲမှာလဲ။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### How to talk about opinion–II (ထင်မြင်ယူဆချက်တွေကို ဘယ်လိုပြောမလဲ။)

တစ်စုံတစ်ခုနဲ့ ပတ်သက်ပြီး ကိုယ့်ရဲ့အမြင်ကို ပေးမယ်၊ ပြောမယ်ဆိုရင် ဘယ်လိုပေးရမလဲ၊ ဘယ်လိုပြောရမလဲဆိုတဲ့ အသုံးအနှုန်းတွေကို ဒီတစ်ပတ်မှာ Shortest way to talk about opinion – 2 အနေနဲ့ ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

*It's my opinion that …*
*I'm of the opinion that …*
*In my view …*
*It's my view that …*
*I'm of the view that …*
*To my mind …*
*If you ask me …*

၁။ **it's my opinion that …** ဆိုတဲ့ အသုံးမျိုးကိုလည်း တစ်စုံတစ်ခုနဲ့ ပတ်သက်ပြီး ကိုယ့်ရဲ့အမြင်ကို ပေးမယ် သို့မဟုတ် ပြောမယ်ဆိုရင်သုံးလို့ရပါတယ်။ "ကျွန်တော့်ရဲ့ အမြင်ကတော့…" ဆိုပြီး အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်။ ဥပမာ–

- It's my opinion that the police have arrested the wrong man.

၂။ နောက်တစ်ခါ **I'm of the opinion that …** ဆိုတဲ့ အသုံးကတော့ **in my opinion …** ဆိုတဲ့ အသုံးထက် နည်းနည်းလေး ပိုပြီးခမ်းနားပါတယ်။ ဆိုလိုတဲ့ သဘောကတော့ "ကျွန်တော့်အမြင်ကတော့…" ဆိုတဲ့ သဘောပဲ ဖြစ်ပါတယ်။ ဥပမာ–

- **I'm of the opinion that** he's definitely guilty.

၃။ ကိုယ့်ရဲ့အမြင်ကို ပေးမယ်ဆိုရင် သုံးနိုင်တဲ့ နောက်ပုံစံတစ်မျိုးကတော့ **in my view …**ပဲ ဖြစ်ပါတယ်။ "ကျွန်တော့်အမြင်ကတော့…" ဆိုတဲ့ အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ ဥပမာ–

- **In my view** we need stronger discipline in the school.
- **In my view** we need a change of government as soon as possible.
- **In my view** cars should be banned from the city centre.

**In my view** နဲ့ပတ်သက်ပြီး သုံးလို့ရတဲ့ နောက်ထပ်ပုံစံတူ အသုံးတွေလည်း ရှိပါသေးတယ်။ အဓိပ္ပာယ်ကတော့ အတူတူပါပဲ။

- **It's my view that …**
  **It's my view that** she was murdered by her husband.
- **I'm of the view that …**
  **I'm of the view that** the man was guilty.

၄။ ကိုယ့်ရဲ့အမြင်ကို ဖော်ပြရာမှာသုံးတဲ့ **in my view** ဆိုတဲ့ အသုံးထက် တွေ့ရနည်းတဲ့ အသုံးတစ်မျိုးကတော့ **to my mind …**ပဲ ဖြစ်ပါတယ်။ "ကျွန်တော့် စိတ်ထဲမှာကတော့…" ဆိုတဲ့ အဓိပ္ပာယ်မျိုးပါပဲ။ ဥပမာ–

- **To my mind** John is quite the most suitable candidate for the post.
- **To my mind** she was the talented writer on the list and should have won the prize.
- **To my mind** this is the most beautiful spot on earth.

၅။ ကိုယ့်အမြင်က ဖော်ပြတဲ့နေရာမှာ ထူးခြားတဲ့ နောက်ထပ်အသုံးတစ်မျိုး ကတော့ **if you ask me …**ပဲ ဖြစ်ပါတယ်။ သာမန်အရပ်ပြောတွေမှာတော့ တွေ့ရများပါတယ်။ "မင်းသာ ငါ့ကိုမေးမယ်ဆိုရင် …" ဆိုတဲ့ အဓိပ္ပာယ်မျိုးပါပဲ။ ဥပမာ–

- **If you ask me,** Jill would be mad to marry Jack. He's a womanizer.
- **If you ask me,** the discipline in the school is too lax.
- **If you ask me,** the council should do more to improve the traffic situation in the town.

**Council should spend more money on recycling waste**

**Mrs Brown:** I feel that the council should spend more money on recycling rubbish.
**Mrs Wilson:** If you ask me, the council always spends money on the wrong things. Look at those ugly statues they've just put up in the park.
**Mrs Jackson:** I think that was one of their better ideas. In my opinion they're quite attractive.
**Mrs Lewis:** I'm of the opinion that it is a good thing that the council is at least spending money on something cultural. I'm of the view that a disproportionate amount of money is spent on sports facilities.
**Mrs Brown:** That's true but it is my opinion that we should all be thinking of the future of the planet and that means thinking about recycling waste. We need more recycling sites and more kerbside waste collection.
**Mrs Jackson:** It's my view that many people are rather hard on the council. If they provide more service then they'll have to increase the council tax and people will complain about that.

# ဘရန့်ဖို့ဒ်နဲ့ဆုံတိုင်း ရလဒ်ဆိုးရွားမှုကို ဝက်စ်ဟမ်းအသင်း ချေဖျက်သွားနိုင်မလား

အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်မှ ဝက်စ်ဟမ်းနဲ့ ဘရန့်ဖို့ဒ်အသင်းပွဲစဉ်ကို မတ် ၁၀ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းက အိမ်ကွင်းအားသာချက်ရှိပေမယ့် ကစားပုံမာကျောကျစ်လျစ်တဲ့ ဘရန့်ဖို့ဒ်အသင်းရဲ့ ကစားဟန်ကြောင့် အခက်တွေ့ဖွယ်ရှိတယ်။ ဒါကြောင့် ဘယ်အသင်းက နိုင်ပွဲရယူပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်မလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



**ဝက်စ်ဟမ်း VS ဘရန့်ဖို့ဒ် နံနက် ၂း၀၀**

ဝက်စ်ဟမ်းရော ဘရန့်ဖို့ဒ်အသင်းပါ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ရေး ခြေကုန်ထုတ်လာမှာ ဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ ဒီနှစ်သင်းနောက်ဆုံးထိပ်တိုက်တွေ့ဆုံထားတဲ့ နှစ်ကြိမ်မှာ ဘရန့်ဖို့ဒ်အသင်းက နှစ်ကြိမ်စလုံး နိုင်ပွဲရအောင် စွမ်းဆောင်ထားတယ်။ ဒါကြောင့် ဝက်စ်ဟမ်းအနေနဲ့ ဘရန့်ဖို့ဒ်နဲ့တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားမှုကို ချေဖျက်ကာ နောက်တစ်ဆင့်တက်လှမ်းသွားနိုင်မလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



**စောင့်ကြည့်ရမယ့်ကစားသမား**

ဘိုဝင် (၂၉ နှစ်)
ကွင်းလယ်တိုက်စစ်

**အက်ဖ်အေဖလား နောက်ဆုံးနှစ်ပွဲရလဒ်**

ဝက်စ်ဟမ်း ၂-၁ ကျူပီအာ
ဘာတန် ၀-၁ ဝက်စ်ဟမ်း

**အက်ဖ်အေဖလား နောက်ဆုံးနှစ်ပွဲရလဒ်**

ရက်ဖီးလ် ၀-၂ ဘရန့်ဖို့ဒ်
မက်ကလိဖီးလ်၀-၁ ဘရန့်ဖို့ဒ်

**စောင့်ကြည့်ရမယ့်ကစားသမား**

သီယေဂို (၂၄ နှစ်)
တိုက်စစ်

# ရှိုင်ဘာကီနာက ဘက်တစ်စတေးကို အနိုင်ယူပြီး အင်ဒီးယန်းဝဲလ်စ် ၃၂ ဦးအဆင့် တက်ရောက်

အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၆၄ ဦး အဆင့်တွင် ကာဇက်စတန်နာမည်ကြီး တင်းနစ်မယ် အီလန်နာ ရှိုင်ဘာကီနာက ပြိုင်ဘက် အမေရိကန်တင်းနစ်မယ် ဟေလီဘက်တစ်စတေးကို ၇-၆ (၇-၅)၊ ၂-၆၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၃၂ ဦးအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

ရှိုင်ဘာကီနာသည် ၂၀၂၃ ခုနှစ် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးထားသည်။ ထို့ပြင် ၎င်းသည် ဇန်နဝါရီလက ယှဉ်ပြိုင်ကစားခဲ့သည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆာဘာယ်လင်ကာကို အနိုင်ယူကျော်ဖြတ်ကာ ဖလားဆွတ်ခူးထားသူ ဖြစ်သည်။

ရှိုင်ဘာကီနာနှင့်အတူ အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ၃၂ ဦး အဆင့်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ဆာဘာယ်လင်ကာ၊ ဆိုဆာကာ၊ ရာဒူကာနူ၊ အနီဆီမိုဗာ၊ အမ်ဘိုကို၊ အယ်လာ၊ ပါအိုလီနီတို့ တက်ရောက်နိုင်ခဲ့သည်။



# ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ မိုဟာမက် အူအာဘီကို နည်းပြသစ်အဖြစ် မော်ရိုကိုအသင်း ခန့်အပ်



ယူ - ၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းကို ဖလားဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် မိုဟာမက် အူအာဘီ။

မိုဟာမက် အူအာဘီကို မော်ရိုကိုအသင်းနည်းပြသစ်အဖြစ် မတ်လ ၅ ရက်တွင် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ၎င်းသည် အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ရက် ၁၀၀ အလိုတွင် ဝါလစ်ရီဂရာဂီ၏ နေရာကို အစားထိုးခန့်အပ်လိုက်ခြင်းဖြစ်သည်။

မော်ရိုကိုဘောလုံးအဖွဲ့ချုပ်က မတ်လ ၅ ရက်ညပိုင်းတွင် ပြုလုပ်ခဲ့သည့် အခမ်းအနားတစ်ခုတွင် ယင်းဆုံးဖြတ်ကို ကြေညာခဲ့သည်။ ထို့ပြင် ယင်းအခမ်းအနားတွင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဖောင်ဇီလက်ဂျာက ထွက်ခွာသွားတော့မည့် နည်းပြအား ဂုဏ်ပြုကျေးဇူးတင်စကားလည်း ဆိုခဲ့သည်။

မိုဟာမက် အူအာဘီသည် ပြီးခဲ့သည့်နှစ်က ချီလီနိုင်ငံတွင် ကျင်းပခဲ့သည့် ယူ - ၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကို ယူ - ၂၀ အသင်းကို ကမ္ဘာ့ဖလားဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည့်နည်းပြတစ်ဦးဖြစ်သည်။



# တိုက်စစ်ကစားသမား အီဗန်ဖာဂူဆန် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ

အီတလီစီးရီးအေကလပ် ရိုးမားအသင်းတွင် အငှားကစားလျက်ရှိသည့် တိုက်စစ်ကစားသမား အီဗန်ဖာဂူဆန်သည် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ပြီး အိုင်ယာလန်အသင်း ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်ကိုလည်း လွဲချော်သွားတော့မည် ဖြစ်သည်။

တိုက်စစ်ကစားသမား ဖာဂူဆန်သည် ခွဲစိတ်ကုသမှုခံယူရန် မိခင်ကလပ် ဘရိုက်တန်အသင်းနှင့် ပြန်လည်ပူးပေါင်းသွားမည် ဖြစ်သည်။ အသက် ၂၁ နှစ်အရွယ် ဖာဂူဆန်သည် ရိုးမားအသင်းအတွက် ၂၂ ပွဲ ပါဝင်ကစားထားပြီး ငါးဂိုးသွင်းယူပေးထားသည်။ အိုင်ယာလန်အသင်းသည် မတ်လ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင် ချက်ဇ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

# ကိုရင်သီယန်အသင်းသို့ ဂျက်ဆီလင်ဂတ် ပြောင်းရွှေ့

ဘရာဇီးကလပ် ကိုရင်သီယန်အသင်းသည် အင်္ဂလန်နှင့် မန်ယူအသင်း ကွင်းလယ်ကစားသမားဟောင်း ဂျက်ဆီလင်ဂတ်ကို အပြီးသတ်ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ယခုသီတင်းပတ်အစောပိုင်းက ဆေးစစ်မှု အောင်မြင်ခဲ့သည့် အသက် ၃၃ နှစ်အရွယ် အဆိုပါ ကွင်းလယ်ကစားသမားသည် ကိုရင်သီယန်အသင်းနှင့် ဒီဇင်ဘာလအထိ တစ်နှစ်သက်တမ်းစာချုပ်ချုပ်ဆိုရန် သဘောတူခဲ့သည်။

အင်္ဂလန်အသင်းအတွက် ၃၂ ပွဲ ပါဝင်ကစားပေးထားသော လင်ဂတ်သည် ဇန်နဝါရီလတွင် ဆိုးလ်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့နေသူ ဖြစ်သည်။ လင်ဂတ်သည် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် မန်ယူအသင်း၌ အတူကစားဖူးသည့် အသင်းဖော်ဟောင်း မက်ဖစ်ဒီပိုင်းနှင့် ပြန်လည်ပေါင်းထုပ်သွားတော့မည် ဖြစ်သည်။ ကိုရင်သီယန်အသင်းသည် ဘရာဇီးစီးရီးအေတွင် လေးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် တစ်ပွဲရှုံးရလဒ် ရရှိထားသည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- စပိန်လာလီဂါပွဲစဉ် (၂၇) တွင် ဘာစီလိုနာက ဘီလ်ဘာအိုကို ယာမဲလ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို လေးမှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။
- အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၆၄ ဦး အဆင့်တွင် ကမ္ဘာ့နံပါတ်တစ် စပိန်တင်းနစ်အကျော်အမော် ကားလို့စ်အယ်ကာရက်ဇ်က ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဂရီဂေါဒီမီထရော့ဗ်ကို ၆-၂၊ ၆-၃ ရလဒ်ဖြင့် အနိုင်ယူပြီး ၃၂ ဦးအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။
- မန်စီးတီးအသင်းသည် ဒွေါ့မွန်အသင်းတွင် ပုံမှန်ခြေစွမ်းပြသနေသည့် အသက် ၂၅ နှစ်အရွယ် ဂျာမနီတိုက်စစ်ကစားသမား ဖီးလစ်ဇ်နမီချာကို ပြန်လည်ခေါ်ယူလိုနေသည်။

## လာလီဂါ ပွဲစဉ် - ၂၇

| ၁၀-၃-၂၀၂၆ | | | အင်္ဂါနေ့ |
|---|---|---|---|
| အက်စ်ပန်ညို | - | အိုဗီဒို | နံနက် ၂း၃၀ |

## စီးရီးအေ ပွဲစဉ် - ၂၈

| ၁၀-၃-၂၀၂၆ | | | အင်္ဂါနေ့ |
|---|---|---|---|
| လာဇီယို | - | ဆက်ဆူအိုလို | နံနက် ၂း၁၅ |

## ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်

ပထမအကျော့

| ၁၁-၃-၂၀၂၆ | | | ဗုဒ္ဓဟူးနေ့ |
|---|---|---|---|
| ဂါလာတာစရေး | - | လီဗာပူး | နံနက် ၁၂း၁၅ |
| အတ္တလန်တာ | - | ဘိုင်ယန် | နံနက် ၂း၃၀ |
| အေတီမက် | - | စပါး | နံနက် ၂း၃၀ |
| ကာဆယ် | - | ဘာစီလိုနာ | နံနက် ၂း၃၀ |

## ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်

ပထမအကျော့

| ၁၂-၃-၂၀၂၆ | | | ကြာသပတေးနေ့ |
|---|---|---|---|
| လေဗာကူဆင် | - | အာဆင်နယ် | နံနက် ၁၂း၁၅ |
| ဘိုဒိုဂလင့် | - | စပို့တင်း | နံနက် ၂း၃၀ |
| ပီအက်စ်ဂျီ | - | ချယ်ဆီး | နံနက် ၂း၃၀ |
| ရီးရဲမက်ဒရစ် | - | မန်စီးတီး | နံနက် ၂း၃၀ |

## ပရီမီယာလိဂ်ဂိုးဖန်တီးမှုအများဆုံးကစားသမား

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဖာနန်ဒက်စ် | မန်ယူ | ၁၄ |
| ချာကီ | မန်စီးတီး | ၈ |
| ဟာလန်း | မန်စီးတီး | ၇ |

■ မိုးဇက်-စုစည်းရေးသားသည်

# ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်...

လင်းလင်း

“မိဘတွေအနေနဲ့ လာမယ့်အနာဂတ်မှာ မိမိတို့ရဲ့ ရင်သွေးသားသမီးတွေကို ဘယ်လိုလူနေမှု ဘဝတွေ ဖန်တီးပေးပြီး ပုံဖော်ထုဆစ်လိုပါသလဲ” ဒီလိုမေးလာရင် အဖြေကတော့သေချာပါတယ်။ ပိုမိုကောင်းမွန်တဲ့ ပညာရေး၊ ကျန်းမာရေး၊ အာမခံချက်ရှိတဲ့ လူနေမှုဘဝတွေ၊ ပြည့်စုံကြွယ်ဝတဲ့ အနာဂတ်တွေကို ပေးချင်တာ မိဘတိုင်းရဲ့ဆန္ဒ၊ စေတနာဖြစ်ပါတယ်။ ဒါဆိုရင် နှစ်ရှည်လများက စုဆောင်းထားရှိတဲ့ မိမိတို့ရဲ့ ပစ္စည်းဥစ္စာတွေ မပွန်းပဲ့ရလေအောင် ပိုင်ဆိုင်သမျှအားလုံးကို မိနစ်ပိုင်းအတွင်း မီးလျှံထဲ ပြာချသွားနိုင်တဲ့ ရန်သူဖြစ်တဲ့ ဘေးအန္တရာယ်တစ်ခုကို အထူးသတိပြုဖို့ လိုပါတယ်။

မီးလောင်မှုတစ်ခုက မိနစ်ပိုင်းအတွင်း နှစ်ပေါင်းများစွာ အားထုတ်တည်ဆောက်ထားတာတွေကို ပြာပုံဘဝသို့ ပြောင်းလဲသွားစေနိုင်ပါတယ်။ မီးဘေးက လူ့အသက်အိုးအိမ်စည်းစိမ်တွေကို ခြိမ်းခြောက်နိုင်တဲ့ ဘေးအန္တရာယ်တစ်ခုဖြစ်ပြီး လူတို့ရဲ့ပေါ့ဆမှု၊ မေ့လျော့မှုနဲ့ သဘာဝအခြေအနေတွေကြောင့် ကြုံတွေ့ရတတ်ပါတယ်။

အိမ်သုံးလျှပ်စစ်ပစ္စည်းတွေ အရည်အသွေးမပြည့်မီတာ(ဝိုင်ယာရှော့ခ်)၊ မိုးကြိုးပစ်တာ၊ နေအပူကြောင့် ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုမှာ သစ်ပင်သစ်တောတွေ တောမီးလောင်တာစတဲ့ သဘာဝအကြောင်းတရားတွေကြောင့် ဖြစ်ပွားတတ်တဲ့ သဘာဝမီး၊ ဓာတုပစ္စည်းတွေ သိုလှောင်သိမ်းဆည်းရာမှ ဓာတ်ပြုလောင်ကျွမ်းတတ်တဲ့မီးနဲ့ မသမာသူရှို့မီး၊ မီးဖိုမီး၊ ပေါ့ဆမီးဆိုပြီး မီးလောင်မှုဖြစ်ပွားစေတတ်တဲ့ အကြောင်းရင်းတွေ ရှိတတ်ပါတယ်။

ဖေဖော်ဝါရီလ ၂၅ ရက် ညပိုင်းက ဖြစ်ပွားခဲ့တဲ့ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေး မီးလောင်မှုဖြစ်စဉ်ကိုကြည့်မယ်ဆိုရင် ဈေးရုံလျှောက်လမ်းမှာ ထွန်းထားတဲ့ လုံခြုံရေးမီး(LED) အပူလွန်ရှော့ခ်ဖြစ်ရာကနေ ကုန်ခြောက်ဆိုင်တစ်ဆိုင်ရဲ့ မိုးကာပေါ်ကို မီးပွားကျကာ မီးစတင်လောင်ကျွမ်းခဲ့ရပါတယ်လို့ သိရပါတယ်။ ဈေးဆိုင်ခန်း ၂၄၀ ခန့် မီးလောင်ကျွမ်းခံရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ်သန်း ၁၂၀၀ ခန့်ရှိကြောင်း မှတ်သားရပါတယ်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လှိုင်ရတနာဈေး(ခ)ဘာတာဈေး ဈေးရုံ အမှတ်(၁၁)ရဲ့ အတွင်းလျှောက်လမ်းမှာ ဈေးလုံခြုံရေးအတွက် ထွန်းထားတဲ့ LED မီးလုံးဆားကစ်ပြားရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရပါတယ်။ ထိခိုက်ဒဏ်ရာရရှိမှု၊ လူအသေအပျောက်မရှိခဲ့ပေမယ့် ဆိုင်ခန်းပေါင်း ၃၄၈ ခန်း မီးလောင်ကျွမ်းခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုး ၁၂၅ ဒသမ ၉ သန်းရှိခဲ့တယ်လို့ မီးသတ်ဦးစီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။



တောင်ကြီးမြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၂ ရက်က ဆောင်ရွက်စဉ်။ ထက်ဝေ(ပြန်/ဆက်)

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်က စတိုးဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်စဉ်မှာ အိပ်ရာအနီး ခြင်ဆေးခွေထွန်းထားရာမှ အနီးရှိ အဝတ်အစားတွေပေါ် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရပြီး ဆိုင်ရှင်ညီအစ်မနှစ်ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။

မီးလောင်မှုဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် မီးဘေးအန္တရာယ်ဖြစ်ပွားစေတဲ့ အကြောင်းရင်းများစွာရှိတဲ့အနက် လျှပ်စစ်(ဝိုင်ယာရှော့ခ်)နဲ့ ပေါ့ဆမီးကြောင့်ဖြစ်ပွားတဲ့ မီးလောင်မှုက အကြိမ်ရေ အများဆုံးဖြစ်နေတာ တွေ့ရပါတယ်။

၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ်ရေ ၁၀၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ်သန်း ၈၂၅၅ ဒသမ ၇၀ ရှိခဲ့ပါတယ်။ ဈေးတွေ မီးလောင်မှုအနေနဲ့ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့မှာ တစ်ကြိမ်စီ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ နှစ်ကြိမ်စီ၊ ရှမ်းပြည်နယ်မှာ သုံးကြိမ်နဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ငါးကြိမ် စုစုပေါင်း ၁၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄ ဒသမ ၃၁ သန်းခန့် ဆုံးရှုံးမှုရှိခဲ့တယ်လို့ သိရပါတယ်။

ဈေးတွေက ပြည်သူတို့ရဲ့ အရင်းအနှီးတွေ စုစည်းထားရှိတဲ့နေရာဖြစ်ပါတယ်။ မြို့ပြတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုတဲ့ကုန်စည်တွေ လည်ပတ်စီးဆင်းရာ စီးပွားရေးအချက်အချာနေရာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအရေးကြီးတဲ့နေရာတွေဖြစ်ပြီး ဈေးတွေမီးလောင်မှုဖြစ်ပွားရင် အသက်အိုးအိမ်စည်းစိမ်တွေ၊ မြို့ပြရဲ့ ရပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွေအထိပါ ထိခိုက်နစ်နာဆုံးရှုံးရတဲ့အတွက် မီးလောင်မှုမဖြစ်ပေါ်စေရေး ဈေးတွေမှာ မီးဘေးလုံခြုံရေးစစ်ဆေးတာ၊ ဓာတ်တိုက်လေ့ကျင့်တာတွေကို မီးသတ်ဦးစီးဌာနက အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

အိုးအိမ်နဲ့ပစ္စည်းဥစ္စာသာမက အသက်အန္တရာယ်အထိပါ ခြိမ်းခြောက်တဲ့ အဖျက်စွမ်းအားကြီးမားပေမယ့် မီးဘေးက သဘာဝဘေးအန္တရာယ်တွေထဲမှာ ကြိုတင်ကာကွယ်လို့ရနိုင်တဲ့ ဘေးအန္တရာယ်တစ်ခုဖြစ်ပါတယ်။

မီးဘေးကြိုတင်ကာကွယ်ဖို့ ထမင်းဟင်းချက်တာ၊ မီးပူတိုက်တာ၊ အမွှိုက်မီးရှို့တာစတဲ့ မီးနဲ့ပတ်သက်တဲ့၊ မီးလောင်စေနိုင်တဲ့ပစ္စည်းတွေ အသုံးပြုပြီးတိုင်း စနစ်တကျမီးငြိမ်းသတ်ဖို့ လိုပါတယ်။ မီးခြစ်အပါအဝင် မီးဖြစ်စေတဲ့ပစ္စည်းတွေကို ကလေးသူငယ်တွေနဲ့ လက်လှမ်းမမီတဲ့နေရာ၊ အပူရှိန် မရှိတဲ့ နေရာတွေမှာ ထားရှိပါ။ ချက်ပြုတ်နေစဉ် မီးဖိုမှခွာမသွားဖို့၊ ကလေးတွေကို မီးနဲ့ ဝေးရာမှာ နေစေဖို့ သတိရှိရပါမယ်။

အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံ၊ မီးလောင်လွယ်တဲ့နေရာတွေ၊ လောင်စာဆီတွေအနီးမှာ ခြင်ဆေးခွေထွန်းညှိထားတာ၊ ဖယောင်းတိုင်မီးထွန်းတာ၊ အမွှေးတိုင်ထွန်းညှိထားတာတွေ၊ ဘုရားရှိခိုးအပြီး လူစောင့်မရှိဘဲ မီးပူဖော်ထားတွေက မီးဘေးအန္တရာယ်ဖြစ်ပွားစေနိုင်ပါတယ်။

မြို့ပြနဲ့ ကျေးရွာတွေ၊ စက်ရုံအလုပ်ရုံ၊ ကျောင်း၊ ဈေး၊ လူနေအိမ်အဆောက်အအုံတွေမှာ လျှပ်စစ်ကြောင့် မီးလောင်မှုမဖြစ်ပွားစေရေး လျှပ်စစ်ပစ္စည်း၊ မီးကြိုးတွေရဲ့ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးဖို့၊ သွယ်တန်းမှုတွေမှာ စေ့စပ်သေချာစွာဆောင်ရွက်ဖို့၊ လျှပ်စစ်ဓာတ်အားကို ဝန်အားမျှတစွာအသုံးပြုကြဖို့၊ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ လျှပ်စစ်ပစ္စည်းတွေ သုံးစွဲနေတာကို ရှောင်ကြဉ်ကြဖို့ လိုပါတယ်။

ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်တွေ၊ ဒါမှမဟုတ် နေအိမ်ကနေ အပြင်ကို အကြောင်းကိစ္စတစ်ခုခုကြောင့် သွားရတော့မယ်ဆိုရင် မထွက်ခွာမီမှာ မီးလောင်နိုင်တဲ့ ကိစ္စမှန်သမျှကို ဂရုပြုစစ်ဆေးပြီး သေချာမှသာ ထွက်ခွာသွားဖို့ အကြံပြုလိုပါတယ်။

အထပ်မြင့်အဆောက်အအုံတွေ၊ အများပြည်သူနဲ့ သက်ဆိုင်တဲ့ ဆေးရုံဆေးခန်း၊ ရုပ်ရှင်ရုံ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းတွေ မဆောက်လုပ်မီကတည်းက မီးဘေးအန္တရာယ်ကို ကြိုတင်တွက်ဆပြီး ကာကွယ်ရေး အစီအမံတွေ၊ မီးငြိမ်းသတ်ရေးပစ္စည်းတွေကို ပြည့်စုံအောင်ထည့်သွင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ စက်ရုံတွေ၊ စီမံကိန်း၊ အလုပ်ရုံတွေ၊ မီးဘေးအန္တရာယ်စိုးရိမ်ရတဲ့ လုပ်ငန်းတွေအတွက် ဆီသိုလှောင်ကန်နဲ့ မီးလောင်လွယ်တဲ့ပစ္စည်းတွေ၊ သိုလှောင်ရုံတွေ တည်ဆောက်တဲ့အခါ မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက် (Myanmar Fire Safety Code-2020) နဲ့အညီ စစ်ဆေးပြီး မီးသတ်ဦးစီးဌာနရဲ့ အကြံပြုချက်တွေအပေါ် လေးစားလိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။

မီးသတ်ဦးစီးဌာနအနေနဲ့ မီးလောင်မှုဖြစ်ပွားရင် မြန်မြန်သိနိုင်ဖို့ မြို့နယ်အလိုက် ဆက်သွယ်ရေးစနစ်ကောင်းမွန်နေစေရေး၊ မီးသတ်ယာဉ်၊ စက်နဲ့ မီးသတ်ပစ္စည်းကိရိယာတွေကို လိုအပ်ချိန်မှာ စွမ်းအားပြည့် အသုံးချနိုင်ရေးအတွက် အသင့်ထားရှိ ဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါတယ်။

မီးလောင်မှုဖြစ်ပွားတဲ့အခါ လမ်းကျဉ်းတွေဖြစ်နေတာ၊ လျှပ်စစ်မီးကြိုး၊ တယ်လီဖုန်းကြိုးတွေနဲ့ ညအိပ်ယာဉ်တွေ၊ ကျူးကျော်တဲတွေ၊ လမ်းဘေးဈေးဆိုင်ခန်းတွေ မလွတ်ကင်းဘဲ ပိတ်ဆို့နေတာတွေကြောင့် မီးသတ်ယာဉ်တွေ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်မှာ အခက်အခဲတွေဖြစ်ပေါ်ပြီး အချိန်ကြန့်ကြာမှုတွေဖြစ်တဲ့အတွက် ဆုံးရှုံးမှုတွေများပြားခဲ့ရတဲ့ သာဓကတွေလည်း ရှိပါတယ်။

ဒါကြောင့် လွယ်ကူလျင်မြန်စွာ ဝင်ထွက်ငြိမ်းသတ်နိုင်ရေး စီမံဆောင်ရွက်ကြဖို့လိုသလို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတွေမှာ မီးလောင်စေတတ်တဲ့ အရာဝတ္ထုပစ္စည်းတွေကို ရှင်းလင်းထားဖို့ ထုတ်ပြန်ထားတာ တွေ့ရပါတယ်။

မီးသတ်စခန်းနဲ့ ဝေးကွာတဲ့ဒေသတွေမှာ အရေးပေါ်မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းတွေ၊ မီးချိတ်၊ မီးကပ်၊ ရေ၊ သဲစတာတွေကို အသင့်ထားရှိဖို့နဲ့ အလျင်အမြန် စုပေါင်းငြိမ်းသတ်နိုင်မယ့် နည်းလမ်းတွေကို နယ်မြေအလိုက် တီထွင်ကြံဆပြင်ဆင်ထားရှိဖို့ လိုပါတယ်။

မီးသတ်တပ်ဖွဲ့ဝင်တွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ မီးဘေးကာကွယ်ရေးအဖွဲ့အစည်းတွေအားလုံး စုပေါင်းလေ့ကျင့်မှုနဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်လာစေဖို့ မီးလောင်မှုလျော့နည်းစေရေး ပညာပေးဟောပြောပို့ချတဲ့ အစီအစဉ်တွေ၊ မီးဘေးအန္တရာယ်ဖြစ်ပွားပါက တုံ့ပြန်ဆောင်ရွက်ဖို့ လက်တွေ့သရုပ်ပြတာတွေကို အလေးထားဆောင်ရွက်နေတာလည်း တွေ့ရပါတယ်။

မီးဘေးက ကြိုတင်ကာကွယ်မှုနဲ့ ရှောင်လွှဲနိုင်တဲ့ ဘေးအန္တရာယ်ဖြစ်တဲ့အတွက် မီးဘေးကင်းရှင်းတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်ရာမှာ လူတိုင်းရဲ့တာဝန်ယူမှု၊ သတိရှိမှု၊ ပူးပေါင်းပါဝင်မှုတွေက အဓိကကျလှပါတယ်။

မီးဘေးကြိုတင်ကာကွယ်ခြင်းက မီးလောင်မှုဖြစ်ပွားမှ ငြိမ်းသတ်ခြင်း၊ ကယ်ဆယ်ခြင်းထက် ပိုမိုလွယ်ကူပြီး အဆုံးအရှုံးလည်းနည်းပါတယ်။ ပြည်သူတစ်ရပ်လုံးက မီးဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းတွေကို သတိနဲ့လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် မီးဘေးကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုတွေကနေ ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မီးလောင်မှုပိုမိုဖြစ်ပွားလေ့ရှိတဲ့ အခုလိုနွေကာလမှာ မိမိကိုယ်တိုင်နဲ့ ချစ်တဲ့ သားသမီး၊ မိသားစု၊ ရပ်ရွာ၊ ပတ်ဝန်းကျင် အနာဂတ်တွေလှပဖို့ သတိတရားနဲ့ဆင်ခြင်ပြီး မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

❖ မီးဘေးကြိုတင်ကာကွယ်ဖို့ ထမင်းဟင်းချက်တာ၊ မီးပူတိုက်တာ၊ အမှိုက်မီးရှို့တာစတဲ့ မီးနဲ့ပတ်သက်တဲ့၊ မီးလောင်စေနိုင်တဲ့ပစ္စည်းတွေ အသုံးပြုပြီးတိုင်း စနစ်တကျမီးငြိမ်းသတ်ဖို့ လိုပါတယ်။ မီးခြစ်အပါအဝင် မီးဖြစ်စေတဲ့ပစ္စည်းတွေကို ကလေးသူငယ်တွေနဲ့ လက်လှမ်းမမီတဲ့နေရာ၊ အပူရှိန်မရှိတဲ့ နေရာတွေမှာထားရှိပါ။ ချက်ပြုတ်နေစဉ် မီးဖိုမှခွာမသွားဖို့၊ ကလေးတွေကို မီးနဲ့ဝေးရာမှာ နေစေဖို့ သတိရှိရပါမယ်


❖ မီးဘေးကြိုတင်ကာကွယ်ခြင်းက မီးလောင်မှုဖြစ်ပွားမှ ငြိမ်းသတ်ခြင်း၊ ကယ်ဆယ်ခြင်းထက် ပိုမိုလွယ်ကူပြီး အဆုံးအရှုံးလည်းနည်းပါတယ်။ ပြည်သူတစ်ရပ်လုံးက မီးဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းတွေကို သတိနဲ့လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် မီးဘေးကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုတွေကနေ ရှောင်ရှားနိုင်မှာဖြစ်

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော်  မတ်  ၈**


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း စခန်း ၁၃ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၃ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5–8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

ပုံ (၂)၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | တောင်ကြီး | ၆.၈ |
| ၂ | မိုင်းဆတ် | ၆.၆ |
| ၃ | ကျိုင်းတုံ | ၆.၆ |
| ၄ | ပျဉ်းမနား | ၆.၅ |
| ၅ | လွိုင်ကော် | ၆.၇ |
| ၆ | တောင်ငူ | ၆.၈ |
| ၇ | ပုသိမ် | ၆.၇ |
| ၈ | ဟသ်ာတ | ၆.၆ |
| ၉ | မော်လမြိုင် | ၆.၆ |
| ၁၀ | ဘားအံ | ၆.၈ |
| ၁၁ | ထားဝယ် | ၆.၅ |
| ၁၂ | မြိတ် | ၆.၇ |
| ၁၃ | ကော့သောင်း | ၆.၆ |

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော်  မတ်  ၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (FPM–377C) ဖြင့် လေထုအတွင်း 2.5µm နှင့်အောက်သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဖေဖော်ဝါရီလအတွင်းတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဖေဖော်ဝါရီလအတွင်းတွင် အသင့်အတင့်အဆင့်၌ ၁၂ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၁၃ ရက်၊ ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၃ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ အသင့်အတင့်အဆင့်၌ ၅ ရက်၊ ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၂၂ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၁ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**





ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိသို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေးပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု မြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပြောင်းလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

